# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၁၃) ရက် ၊ ကြာသပတေးနေ့ ၊ (2-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်( ၅ )ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**ကြေညာချက်အမှတ် ၁/၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းပေးခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို

**စာမျက်နှာ ၂၃ ကော်လံ ၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။ (သတင်း စာမျက်နှာ-၁၆)




ရတနာပုံ
၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံအတွက်အကျိုးပြုစေမည့် လူသားအရင်းအမြစ်များထွက်ပေါ်ရေး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ပညာရည်ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးလှပေသည်။ မြန်မာနိုင်ငံတွင် အသက် ၂၅ နှစ်အထက် ပြည်သူအများစု၏ပညာအရည်အချင်းမှာ အလယ်တန်းပညာအောက်၌သာရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်သူများ ပညာရေးဖွံ့ဖြိုးစေရေး မဖြစ်မနေ အားပေးမြှင့်တင်ကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အခြေခံပညာအလယ်တန်းဆင့်(**KG+9**)ပြီးဆုံးသည်ထိ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ (**KG+9**) အဆင့် အနိမ့်ဆုံးပြီးမြောက်မှသာ **Vocational Training** သို့ ကူးပြောင်းနိုင်ရန်ဖြစ်သည်။ အရွယ်ရောက်သူတိုင်းကို ပညာရေးနှင့်လုပ်ငန်းကျွမ်းကျင်မှုတို့ကို မြှင့်တင်ပေးခြင်းဖြင့် တန်ဖိုးမြင့်သည့်လူသားအရင်းအမြစ်များကို ရရှိလာမည်ဖြစ်ပြီး ထိုလူသားအရင်းအမြစ်များဖြင့်သာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(**Grade 9**)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများ၌ တက်ရောက်ကြမည့်ကျောင်းသား၊ ကျောင်းသူများ၏ အထက်တန်းဆင့်သင်ယူနေစဉ်ကာလတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆိုပါအတတ်ပညာများ တက်ရောက်သင်ယူသင့်ပေသည်။

အလယ်တန်းဆင့်(**Grade 9**)အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာအထက်တန်းကျောင်းများတွင် (**Grade 10, Grade 11, Grade 12**)ထိ တက်ရောက်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်လျှင် သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ စက်မှုနည်းပညာလမ်းကြောင်းဖြစ်သော အဆောက်အအုံနည်းပညာ၊ လျှပ်စစ်နည်းပညာနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာတက်ရောက်နိုင်ပြီး အထူးအောင်မြင်ပါက နည်းပညာတက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများကို ဆက်လက်တက်ရောက်နိုင်သည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကိုလည်း ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့၊ လက်တွေ့ဖြင့် အလုပ်ခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံပညာအလယ်တန်းဆင့် (**Grade 9**) ပြီးမြောက်အောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာအထက်တန်းဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ စသည့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါပညာရေးအခွင့်အလမ်းများကို အကျိုးရှိရှိ အသုံးချရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း စားတော်ပဲများအရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ထိ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေး ဈေးကွက်အတွင်း စားတော်ပဲများ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပြည်တွင်းမှထွက်ရှိသည့် စားတော်ပဲများကို ရန်ကုန်၊ လားရှိုးအပါအဝင် အခြားမြို့များမှ ကုန်သည်များက အဝယ်များပြားလျက်ရှိကြောင်း၊ စားတော်ပဲမှာ ယခင်က အရောင်းအဝယ်အေးနေခဲ့သော်လည်း ယခုလက်ရှိတွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းကော ပြည်ပကပါ စားတော်ပဲတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတယ်။ ပြည်ပနိုင်ငံက ဒီထက်ပိုပြီး ဝယ်ယူမှုများလာရင်တော့ မန္တလေးဈေးကွက်မှာ အခုထက် ဈေးကောင်းပိုရနိုင်ပါတယ်။ အခုလတ်တလော ပြည်တွင်းဈေးကွက်မှာ စားတော်ပဲ အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကို တင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲ အားထားပြီး လက်လီ၊ လက်ကားရောင်းနေရတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၃၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

(၁၈၄)

# မန္တလေးမြို့ရှိဈေးများတွင် ဆိုးဆေးပါဝင်သည့်အစားအစာများ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး စစ်ဆေးလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့ရှိဈေးများတွင် ဆိုးဆေးပါဝင်သည့် အစားအစာများ ဖြန့်ဖြူးရောင်းချမှု မရှိစေရေး စစ်ဆေးလျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ယခုလက်ရှိ အစားအသောက်နှင့် ဆေးဝါးများကို ဖြန့်ဖြူးရောင်းချပေးနေသည့်ဈေးပေါင်း ၄၀ ကျော်တွင် စားသောက်ကုန် အမျိုးမျိုးကို ဖြန့်ဖြူး ရောင်းချပေးလျက်ရှိရာ ၎င်းစားသောက်ကုန်များတွင် တရားမဝင် ခွင့်ပြုချက်မရှိသည့် ဆိုးဆေးများ ပါဝင်မှုမရှိစေရေးနှင့် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဇန်နဝါရီလနောက်ဆုံး ပတ်မှစ၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"အခုမန္တလေးမြို့မှာရှိတဲ့ ဈေးတွေမှာ မျှစ်၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်သီးမှုန့် စတဲ့စားသောက်ကုန်တွေမှာ ခွင့်ပြုချက်မရှိဘဲ ဆိုးဆေးအသုံးပြုတာတွေကို လိုက်လံစစ်ဆေးနေပါတယ်။ တကယ်လို့ ဒီလို ဆိုးဆေးပါဝင်တဲ့ စားသောက်ကုန်တွေ တွေ့ရှိခဲ့ရင်လဲ သိမ်းဆည်းပြီး ဖျက်ဆီးတာတွေ လုပ်ဆောင်သွားမှာပါ"ဟု ဦးသက်နိုင်က ပြောပြသည်။

မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီပိုင် ဈေးများဖြစ်သည့် ဈေးချိုတော်၊ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး စသည့်ဈေးပေါင်း ၄၀ ကျော်တွင် ဆိုးဆေးပါဝင်သည့် စားသောက်ကုန်များ ဖြန့်ဖြူးရောင်းချမှုမရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနအပါအဝင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန စသည့်ပူးပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီလနောက်ဆုံးပတ်မှစ၍ စစ်ဆေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးရာတွင် ယနေ့ထိ ဆိုးဆေးပါဝင်သည့် စားသောက်ကုန်များ မတွေ့ရသေးကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးမြို့တွင် မူးယစ်ဆေးဖြတ်ပြီးသူများကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ စခန်းအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်၍ မူးယစ်ဆေးဖြတ်ပြီးသူများကို အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ မန်နေဂျာ ဦးညွန့်မြိုင်က ပြောပြ၍ သိရသည်။

အဆိုပါ စခန်းအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်ကြားပေးရာတွင် သင်တန်းသားဦးရေ ၂၀ သာ လက်ခံပြီး ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၃၁ ရက်ထိ ရက်ပေါင်း ၄၀ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်သူများကို စိတ်ကိုတည်ငြိမ်စေပြီး ပြင်ပတွင်လုပ်ကိုင်စားသောက်နိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် တံဆိပ်ရိုက်သင်တန်းနှင့် ဆပ်ပြာဆီလုပ်ငန်း၊ ဆံသပညာလုပ်ငန်းများကို ပြင်ပနည်းပြများဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်ကနေ စတင်ဖွင့်လှစ်သွားမှာပါ။ သင်တန်းဖွင့်လှစ်ပေးမဲ့နေရာကတော့ ၇၃ လမ်း၊ ၁၀×၁၂ ကြား ဥပုသ်တော်ရပ်ကွက် အောင်မြေသာစံမြို့နယ်မှာ ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ သင်တန်းကြေးကတော့ ကျသင့်ငွေရဲ့တစ်ဝက်ကို သင်တန်းသားက ကျခံရမှာပါ။ သင်တန်းသားတွေကို သူတို့နေထိုင်ရာပတ်ဝန်းကျင်မှာ ပြန်လည်နေထိုင်မှု ဝင်ဆံ့လာစေဖို့အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားပေးသွားမှာပါ။ သင်တန်းကတော့ ရက်ပေါင်း ၄၀ ကြာ ဖွင့်လှစ်သင်ကြားပေးမှာပါ။ သင်တန်းသားတွေကို ပြင်ပလေ့လာရေး ဆောင်ရွက်ပေးမယ်။ ကျန်းမာရေး လေ့ကျင့်ခန်းတွေ ပြုလုပ်ပေးပါမယ်"ဟု ဦးညွန့်မြိုင်က ပြောပြသည်။

အဆိုပါ မူးယစ်ဆေးသုံးစွဲသူ လူငယ်များဆေးဖြတ်ပြီးပါက မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေစဉ် မူးယစ်ဆေးဖြတ်လိုစိတ် ပေါ်ပေါက်လာပါက အလွယ်တကူဆေးဖြတ်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုခံယူနိုင်ရန်အတွက် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ဟမွန်းရွေ့ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဟမွန်းကျေးရွာအုပ်စု ဟမွန်းရွေ့ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်း၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဟမွန်းရွေ့ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဟမွန်းရွေ့ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၈ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောပြ၍ သိရသည်။

**မောင်နိုင်**

# ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း CMP လက်ခစားချုပ်ပြီးအထည်များ ပြည်ပသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄၂၇ သန်းရရှိထား



**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံမှ CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပသို့ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၄၄၂၇ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြ၍ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံမှ အများဆုံး ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဇန်နဝါရီလကုန်ထိ CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၄၂၇ သန်း ရရှိထားပါတယ်။ CMP လက်ခစားချုပ်ပြီးအထည် ပြည်ပတင်ပို့မှုကနေ ၂၀၂၂ ခုနှစ် ဧပြီလမှာ အမေရိကန်ဒေါ်လာ ၁၈၅ သန်း၊ မေလမှာ အမေရိကန်ဒေါ်လာ ၃၈၄ သန်း၊ ဇွန်လမှာ အမေရိကန်ဒေါ်လာသန်း ၆၁၀၊ ဇူလိုင်လမှာ အမေရိကန်ဒေါ်လာ ၆၃၆ သန်း၊ ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၆၆၂ သန်း၊ စက်တင်ဘာလမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀၊ အောက်တိုဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၄ သန်း၊ နိုဝင်ဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၆ သန်းနဲ့ ဒီဇင်ဘာလမှာ အမေရိကန်ဒေါ်လာသန်း ၃၆၀၊ ဒီနှစ် ဇန်နဝါရီလမှာ ယာယီစာရင်းအရ အမေရိကန်ဒေါ်လာသန်း ၃၆၀ ရရှိထားတာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြသည်။

အဆိုပါ CMP လက်ခစားချုပ်ပြီးအထည်လုပ်ငန်းများတွင် အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်းရှစ်ရုံ၊ အခြားအိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံဖြစ်ပြီး သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း ဒေါ်ခိုင်ဇာခြည်ဝင်းထံမှ သိရသည်။ ASH

# အုတ်ဖိုမြို့နယ် ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတလက်တန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၇၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘုတလက်တန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၃၃ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၆၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၇၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# နမ့်စန်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**နမ့်စန် ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက စီမံကိန်းကော်မတီဝင်များနှင့်အတူ နမ်မော်ခေါက်ဆင့်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ကုန်းယောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းများ မြေသားတင်သဲဖြန့်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

နတ်မော်ခေါက်ဆင့်ကျေးရွာ၌ အရှည်ပေ ၄၀၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ကုန်းယောင်းကျေးရွာ၌ အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ဒသမ ၉ လက်မရှိ သဲဖြန့်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် VDP ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ပွင့်ဖြူမြို့နယ် ချွန်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချွန်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လှဌေးမောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ချွန်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၆ ဒသမ ၁၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၂၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ်သုည ဒသမ ၅၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ကောင်းခြင်းလေးဖြာ ကြီးပွားချမ်းသာရာ

**မြင်းခြံကျော်အောင်**

အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေထိုင်ကြသောလူများ ကြီးပွားချမ်းသာကြစေရေးအတွက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓက ကောင်းခြင်းလေးဖြာကို ဟောကြားခဲ့သည်။ တရားတော်ကို ခေတ်နှင့်အညီ ကျင့်ကြံနိုင်ကြစေရန် ဖော်ပြပါမည်။

**ပထမကောင်းခြင်း**

**"အိမ်၌ နေသူတို့ကိစ္စက စည်းစိမ်ဥစ္စာတိုးပွားဖို့ မပျင်းမရိဘဲ ဉာဏ် ဝီရိယဖြင့် အားထုတ်ခြင်းသည် ပထမကောင်းခြင်းဖြစ်၏။"**

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးကြသည်။ ၃၀ ရာခိုင်နှုန်းမှာ မြို့နေလူများဖြစ်ပြီး ကုန်သည်များ၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်သူများနှင့် အစိုးရ၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းများတွင် ဆောင်ရွက်ကြသည့်ဝန်ထမ်းများ ဖြစ်ကြသည်။

မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ မပျင်းမရိဘဲ ဉာဏ်ဝီရိယဖြင့် အားထုတ်လုပ်ကိုင်ကြရမည်။ သို့မှ စည်းစိမ်ဥစ္စာများရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးအဓိကလုပ်ကိုင်သူများသည် အနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်သူများ၊ ဘွဲ့ရများဖြစ်ကြရမည်ဖြစ်သည်။ သို့မှသာ စက်မှုလယ်ယာစနစ်ကျင့်သုံးပြီး သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူနိုင်မည်ဖြစ်သည်။ ဒေသတွင်ဖြစ်ထွန်းသော လယ်ယာသီးနှံကိုလည်း အနည်းဆုံး နှစ်သီးစိုက်ကြရမည်ဖြစ်သည်။ ထို့ပြင် နှစ်လတ်နှင့် နှစ်ရှည်သီးနှံပင်များလည်းစိုက်ပြီး စီးပွားပိုမိုဖြစ်ထွန်းမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတစ်မျိုးတည်း မလုပ်ဘဲ မွေးမြူရေးပါ တွဲဖက်လုပ်ကိုင်ရမည်ဖြစ်သည်။ ခြောက်သွေ့သောဒေသတွင် နွား၊ ဆိတ်၊ သိုး၊ ဝက်၊ ကြက်နှင့် ငုံးများ မွေးမြူကြရမည်ဖြစ်သည်။ သို့ဖြင့် တိရစ္ဆာန်တို့မှ စွန့်ပစ်အညစ်အကြေးသည် လယ်ယာများတွင် မြေဩဇာအဖြစ် ပြန်သုံးနိုင်ပြီး စိုက်ပျိုးစရိတ်သက်သာမည်ဖြစ်သည်။ အေးမြစွတ်စိုသောဒေသဖြစ်ပါက ကျွဲ၊ ဘဲ၊ ငါး၊ ပုစွန်၊ ကဏန်း မွေးမြူကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်မှုမဟုတ်ဘဲ စီးပွားဖြစ်မွေးမြူရမည်ဖြစ်သည်။ ဉာဏ်ပညာနှင့် ဝီရိယကို များစွာ အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ နည်းပညာကို သက်ဆိုင်ရာဌာနများမှရရှိနိုင်သည်။ သို့ဖြင့် ထွက်ကုန်တိုး၍ စည်းစိမ်ဥစ္စာကြွယ်ဝနိုင်ပေသည်။

မြို့နေသူတို့သည်လည်း ဘွဲ့တစ်ခုခုရှိရမည်။ သို့မှသာ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံ့ဝန်ထမ်း၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းအလုပ်ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျောင်းပညာသင်စဉ်ကပင် ရည်မှန်းချက်ချပြီး ပညာသင်ရမည်။ ဥပမာ-ကုမ္ပဏီပိုင်ရှင်ဖြစ်ရမည်။ နိုင်ငံတကာဘာသာရပ်ကျွမ်းကျင်သူဖြစ်ရမည်။ အရာရှိကြီးဖြစ်ရမည်။ ကုန်သည်လုပ်ငန်းတွင် အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများလုပ်ကြရမည်။ ရေရှည်တည်တံ့ခိုင်ခံ့သော လုပ်ငန်းကြီးများဖြစ်အောင် ဆောင်ရွက်ရမည်။ နိုင်ငံ့အမှုထမ်းဝင်ရောက်လုပ်ကိုင်ရာတွင် ဘွဲ့ရဖြစ်ပါမှ အရာရှိငယ်အဆင့် သင်တန်းတက်ခွင့်ရမည်ဖြစ်ပြီး ကာလကြာရွဲဖြင့် ရိုးသားကြိုးစားဆောင်ရွက်ပါက အရာရှိကြီးဖြစ်နိုင်သည်။ ထိုအခါ အခွင့်အရေးဟူသည် ကပ်ပါလာမည်။ ကြီးပွားချမ်းသာမည်။

ကျောင်းပညာပြည့်စုံစွာ မသင်ယူခြင်း၊ ပညာမတတ်သဖြင့် လုပ်ငန်းကို ကြိုးပမ်းမထမ်းဆောင်ခြင်း၊ ပျင်းရိသဖြင့် မည်သည့်လုပ်ငန်းမှ လုံ့လဝီရိယ၊ ဉာဏ်ပညာဖြင့် မဆောင်ရွက်၊ မကြိုးပမ်းပါက ကောင်းခြင်းနှင့်ဝေးပြီး သာမန်အခြေခံလူတန်းစားဘဝတွင်သာနေရမည်ဖြစ်သည်။

**ဒုတိယကောင်းခြင်း**

**"ရရှိပြီးသော စည်းစိမ်ဥစ္စာတို့ကို ငါးပုံပုံ၍ စားဖို့ ကတစ်ပုံ၊ ထားဖို့ကတစ်ပုံ၊ ရင်းနှီးဖို့ကနှစ်ပုံ၊ လှူဒါန်းဖို့က တစ်ပုံထား၍ သုံးဆောင်တတ်ခြင်းသည် ဒုတိယကောင်းခြင်းဖြစ်၏။"**

ပထမကောင်းခြင်းနှင့် ပြည့်စုံသောသူသည် စည်းစိမ်ဥစ္စာများ ရရှိမည်ဖြစ်သည်။ ရရှိသောစည်းစိမ်ဥစ္စာကို ငါးပုံပုံ၍ တစ်ပုံစားပါဟု ဗုဒ္ဓမြတ်စွာဘုရားက လမ်းညွှန်ခဲ့သည်။ ယနေ့ခေတ်တွင် ကမ္ဘာပေါ်၌ ငွေကြေးဖောင်းပွမှုမြင့်မားခြင်း၊ လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် စားဝတ်နေမှုဆောင်ရွက်ရာတွင် ခြိုးခြံချွေတာသုံးစွဲရမည်။ စားကုန်၊ လူသုံးကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်ရမည်။ အဓိကအစားအစာ၌ ချွေတာစားသုံးပါက ကုန်ကျစရိတ်သက်သာပြီး ကျန်းမာရေးညီညွတ်စေသည်။ တိရစ္ဆာန်အသားများထက် ဟင်းသီးဟင်းရွက်နှင့် ပဲမျိုးစုံကို ပိုမိုစားသုံးပြီး အစားအစာနှင့်ပတ်သက်၍ ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ အာဟာရပြည့်ဝအောင်စားပြီး ရေများများသောက်ရမည်ဖြစ်သည်။

နောက်တစ်ချက်မှာ ရရှိစည်းစိမ်၏ ငါးပုံတစ်ပုံကို စုဆောင်းထားရမည်။ ပိုလျှံမှစုမည်ဟု မသတ်မှတ်ရပါ။ လစဉ်စုနိုင်သမျှစုပြီး ကျန်ငွေဖြင့် လောက်ငအောင် သုံးစွဲရမည်။ သို့မှ သား၊ သမီးများအတွက် ကျောင်းပညာရေးစရိတ်၊ ကျန်းမာရေးအတွက် ဆေးဝါးစရိတ်နှင့် နေအိမ်ပြုပြင်ရေးအတွက် အဆင်ပြေမည်။

ရရှိလာသောစည်းစိမ်ဥစ္စာမှ ငါးပုံနှစ်ပုံကို ရင်းနှီးရာတွင် သုံးရမည်ဖြစ်သည်။ ဤသည်ကလည်း မလုပ်မဖြစ်လုပ်ရမည့်အလုပ်ဖြစ်သည်။ များများရင်းနှီးပြီး ကြီးကြီးမားမားဆောင်ရွက်ပါမှ အကျိုးအမြတ်လည်း များများရရှိမည်ဖြစ်ပြီး သားသမီးများကို ပညာသင်ပေးခြင်းသည်လည်း နောင်ရေးအတွက် ရင်းနှီးခြင်းဖြစ်သည်။ လုပ်ငန်းခွင်အတွက် သင်တန်းတက်ရခြင်း၊ စာအုပ်စာစောင်၊ သတင်းစာမှအစ ဝယ်ယူဖတ်ရှုခြင်းများသည်လည်း ရင်းနှီးမှုများပင်ဖြစ်သည်။

ထို့နောက် ရရှိစည်းစိမ်ဥစ္စာမှ ငါးပုံတစ်ပုံကို လှူဒါန်းရေးတွင် သုံးစွဲရန်စီမံရမည်ဟု ဗုဒ္ဓကဟောခဲ့သည်။ လူတို့ကျင့်သုံးရမည့် ဘာသာတရားကျင့်ဝတ်များမှာ သီလ၊ ဒါန၊ ဘာဝနာဖြစ်သည်။ မည်သည့်ဘာသာဝင်ဖြစ်စေ ဤကျင့်ဝတ်ကို ကျင့်ကြံကြရမည်ဖြစ်သည်။ လှူဒါန်းနိုင်သည်နှင့် မိမိအကျိုး၊ အများအကျိုးရှိစေသည်။ သစ်သီးတစ်လုံး၊ ပန်းတစ်ကုံးမှစပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသောအလှူများကို မိမိစွမ်းသမျှမဖြစ်မနေ ဆောင်ရွက်အပ်ပေသည်။ အလှူခံပုဂ္ဂိုလ်ရောက်ရှိလာသဖြင့် လှူဒါန်းရမည့်တာဝန်မှာ အိမ်ရာထူထောင်နေသူများ၏ လူ့ကျင့်ဝတ်ပင်ဖြစ်သည်။

ဒုတိယကောင်းခြင်းတွင်ပါဝင်သော စည်းစိမ်မှ ငါးပုံတစ်ပုံစုရန်နှင့် ပတ်သက်၍ တိကျစွာလိုက်နာသဖြင့် အာရှတွင် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သွားသူမှာ လီကာရှင်းဖြစ်သည်။ သူသည် အလုပ်ခွင် စတင်ဝင်စဉ်က ပလတ်စတစ်စက်ရုံလုပ်သားလေးဖြစ်သည်။ တစ်နေ့ ၁၆ နာရီမျှ ပင်ပန်းစွာလုပ်ကိုင်ရသည်။ ထို့ကြောင့် ဆင်းရဲတွင်းလွတ်ကင်းအောင် ငွေစုမှဖြစ်မည်၊ လုပ်ငန်းရှင်ဖြစ်ရမည်ဟုသိမြင်ပြီး ရရှိဝင်ငွေမှအများစုကိုမိသားစုစားရန်ပေးပြီး တချို့ကို ခြစ်ကုတ်စုဆောင်းခဲ့သည်။ ဟောင်ကောင်ဒေါ်လာ ၅၀၀၀၀ စုမိသောအခါ ပလတ်စတစ်စက်ရုံငယ် ထူထောင်ခဲ့သည်။ သူသည်စာဖတ်သည်။ အသိပညာရရှိကာ လုပ်ငန်းကို တိုးချဲ့ခဲ့သည်။ နောက်ပိုင်းစီးပွားရေးအမြင်ကျယ်ကာ လုပ်ငန်းကြီးများ စွန့်စားလုပ်ကိုင်ရာမှ ၁၉၈၀ ပြည့်နှစ်တွင် အာရှ၌အချမ်းသာဆုံးသူဌေးကြီးဖြစ်ခဲ့သည်။ အရင်းခံအကြောင်းမှာ ပစ္စည်းဥစ္စာစုဆောင်းမှု၏ ရလဒ်ပင်ဖြစ်သည်။

**တတိယကောင်းခြင်း**

**"စည်းစိမ်ဥစ္စာတိုးပွားလာသော် ပျော်ပါးမော်ကြွား မာန်မာနမထားခြင်းသည် တတိယကောင်းခြင်းဖြစ်၏။"**

ယနေ့ခေတ်ကာလတွင် စည်းစိမ်ဥစ္စာပြည့်စုံသူတို့သည် အပျော်အပါးကိစ္စကို ဦးစားပေးဆောင်ရွက်ကြသည်။ ရှေးအတိတေကာလက ကုဋေ ၈၀ ကြွယ်ဝသော သူဌေးသား၊ မိဘနှစ်ပါးကွယ်လွန်သောအခါ အပျော်အပါးလိုက်စားရာမှ ရှိသည့်ပစ္စည်းကုန်ခန်းပြီးနောက် သေဆုံးရသည်။ အပျော်အပါးက လူတို့ကို ဤမျှ ဒုက္ခပေးသည်။

ကြွားလုံးထုတ်ခြင်းသည်လည်း ငွေကြေးပစ္စည်းဥစ္စာရှိသူတချို့ ပြုလုပ်လေ့ရှိသည့် လုပ်ရပ်ဖြစ်သည်။ ဧည့်ခံပွဲမကြာခဏလုပ်ပြီး ကျွေးနိုင်သည်၊ မွေးနိုင်သည်ကို ကြွားသည်။ လှူဒါန်းရာတွင် လိုသည်ထက် ပိုမိုပြုလုပ်ဧည့်ခံသည်။ မိမိဝင်ငွေအရ သုံးသင့်သည့် ပစ္စည်းတန်ဖိုးထက် များစွာဈေးကြီးသောပစ္စည်းဝယ်သုံးပြီးကြွားသည်။ သို့ဖြင့် မိမိ၏စည်းစိမ်များ မကုန်သင့်ဘဲ ကုန်ခန်းရသည်။

မာန်မာနထားခြင်းသည် စည်းစိမ်ရှိသူတချို့၏ လုပ်ရပ်ဖြစ်နေတတ်သည်။ ငါလိုလူဇမ္ဗူရှိသေးလားဟု အထင်ပေါက်ပြီး သွေးနားထင်ရောက်တော့သည်။ ထိုအခါ မည်သူ၏အကြံဉာဏ်ကိုမျှ လက်မခံ၊ မယူ၊ ပေးလာပါကလည်း ပယ်ချပြီး ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်ဟု တစ်ဇွတ်ထိုးဆောင်ရွက်တော့သည်။ ထိုအခါ အမှားမှားအယွင်းယွင်းဖြစ်ပြီး ဒုက္ခလှလှတွေ့တော့သည်။

ထို့ကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝလာသောအခါ ပျော်ပါးမှုကိုလျှော့ခြင်း၊ မော်ကြွားမှုကိုထိန်းချုပ်ခြင်းနှင့် မာန်မာနမထားခြင်းသည် ကောင်းခြင်းမင်္ဂလာဖြစ်ပေသည်ဟု ရှင်တော်ဘုရားက ဟောကြားခဲ့ပေသည်။

**စတုတ္ထကောင်းခြင်း**

**"ရန်သူမျိုးငါးပါးကြောင့် စည်းစိမ်ဥစ္စာကုန်ဆုံးသော်လည်း စိတ်မညှိုးငယ်ဘဲ တည်ကြည်ခိုင်ခံ့ခြင်းသည် စတုတ္ထကောင်းခြင်းဖြစ်၏။"**

"ပညာဟူသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး"ဟု အဆိုရှိသည်။ "ပညာရွှေအိုးလူမခိုး"ဟုလည်းစကားပုံရှိသည်။ ပညာကို လူတို့မခိုးယူနိုင်။ ပညာရှိသူသည် ရွှေအိုးတစ်လုံး ပိုင်ဆိုင်ထားသည့်အလား၊ တန်ဖိုးအနဂ္ဃထိုက်တန်သောပစ္စည်းပိုင်ဆိုင်ထားသည့်အလားဖြစ်သည်။ ထို့ကြောင့် သားသမီးကို ဥစ္စာအမွေထက် ပညာအမွေပေးရန် ရှေးလူကြီးများက ဆုံးမကြသည်။

ဥစ္စာဟူသည် မျက်လှည့်ပြသည့်ပမာ ယခုရှိနေပြီး ခဏကြာသောအခါ ပျောက်ကွယ်သွားနိုင်သည့်သဘောရှိသည်။ ဤအဖြစ်များကား ရှေးကတည်းကစပြီး ယခုနှင့် နောင်အနာဂတ်ကာလတိုင်အောင်ဖြစ်တည်နေမည်ဖြစ်သည်။ ပစ္စည်းဥစ္စာဟူသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံလျက်ရှိသည်။ ရေဘေးကြောင့် အိုးအိမ်တိုက်တာပစ္စည်းဥစ္စာများ ဆုံးပါးရသည်။ မီးဘေးအန္တရာယ်ကျရောက်ပြီး ရွှေ၊ ငွေ၊ အိမ်ရာ၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးရသည်။ မလုပ်သင့်သည်ကိုလုပ်မိ၍ မင်းပြစ်မင်းဒဏ်သင့်ကာ စည်းစိမ်ကုန်ခန်းရသည်။ သူခိုးဓားပြအကြမ်းဖက် လုယက်သူတို့ကြောင့် ရွှေ၊ ငွေ၊ ဥစ္စာ စသည်တို့ ဆုံးပါးရသည်။ အသက်ပင်သေဆုံးရသည်။ နောက်ဆုံးရန်သူမှာ မလိုမုန်းတီးသူများကြောင့် မိမိရရှိထားသော စည်းစိမ်များ ကုန်ဆုံးရသည်။

ဤသို့ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံရသောအခါ စိတ်မညှိုးငယ်ဘဲ တည်ကြည်ခိုင်ခံ့စွာရပ်တည်နိုင်ခြင်းသည် ကောင်းခြင်းမင်္ဂလာဖြစ်သည်။

ဥစ္စာ၏သဘောသည် လူတို့ရလေလိုလေဖြစ်သည်။ မည်မျှကြွယ်ဝလျှင် လုံလောက်ပြီဟူ၍ မရှိပေ။ လောဘတောင်ထုက ကြီးမားလှသည်။ ဤသို့သဘောရှိသော စည်းစိမ်ဥစ္စာကို သူတော်စင်များနှင့် လောဘသတ်နိုင်သူများက စွန့်လွှတ်ကြသည်။

မြတ်ဘုရားသက်တော်ထင်ရှားရှိစဉ်က ရှင်မဟာကဿပအလောင်းလျာသူဌေးနှင့် သူ၏ဇနီးတို့သည် မိဘဘိုးဘွားကပေးသော ရွှေ၊ ငွေ ပစ္စည်းဥစ္စာအားလုံးကို ပေးကမ်းလှူဒါန်းပစ်ကာ ရဟန်းဘောင်သို့ ဝင်သွားခဲ့ကြသည်။ နိဗ္ဗာန်ဝင်စံခဲ့ကြသည်။

အချုပ်ဆိုရသော် လူ့ဘောင်လောကတွင် နေထိုင်သူများ ကြီးပွားချမ်းသာကြစေရန်အတွက် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ကောင်းခြင်းလေးဖြာကို လိုက်နာကျင့်သုံးပြီး ကြီးပွားချမ်းသာနိုင်စေကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ကြီးပွားရေးလမ်းညွှန်ချက်များ ဦးမောင်မောင်(ဟံသာဝတီ)**

❖ ဥစ္စာဟူသည် မျက်လှည့်ပြသည့်ပမာ ယခုရှိနေပြီး ခဏကြာသော အခါ ပျောက်ကွယ်သွားနိုင်သည့်သဘောရှိသည်။ ဤအဖြစ်များကား ရှေးကတည်းကစပြီး ယခုနှင့် နောင်အနာဂတ်ကာလတိုင်အောင်ဖြစ်တည် နေမည်ဖြစ်သည်။ ပစ္စည်းဥစ္စာဟူသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံလျက် ရှိသည်။ ရေဘေးကြောင့် အိုးအိမ်တိုက်တာပစ္စည်းဥစ္စာများဆုံးပါးရသည်။ မီးဘေးအန္တရာယ်ကျရောက်ပြီး ရွှေ ငွေ အိမ်ရာ၊ စက်ရုံ၊ အလုပ်ရုံများ ပျက်စီးရသည်။ မလုပ်သင့်သည်ကိုလုပ်မိ၍ မင်းပြစ်မင်းဒဏ်သင့်ကာ စည်းစိမ်ကုန်ခန်းရသည်။ သူခိုးဓားပြအကြမ်းဖက် လုယက်သူတို့ကြောင့် ရွှေ ငွေ ဥစ္စာ စသည်တို့ ဆုံးပါးရသည်။ ❖

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၈၂၉ ဧက စိုက်ပျိုးပြီးစီး

**ဟုမ္မလင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၈၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် နွေစပါး ၁၁၃၃၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၁၀၈၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းမြို့နယ်အတွင်း နွေစပါးဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါးဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြပါတယ်။ ဒီနှစ် နွေစပါးလျာထားဧကစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်နိုင်ပါတယ်"ဟု ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် နွေစပါးဧက ၁၀၈၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဟုမ္မလင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးရာတွင် မုရင်းနီ၊ မော်တိုက်၊ နောင်ဘွန်၊ ပချီး စသောဒေသစပါးမျိုးများကို စိုက်ပျိုးလျက်ရှိရာ အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နှံ့ကောက်၊ ဆင်းဧကရီ-၃၊ GW-11 စသော အထွက်ကောင်းမျိုးများကို ဖြန့်ဝေပေးပြီး စိုက်ပျိုးရေးသိပ္ပံနည်းကျ စိုက်နည်းစနစ်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လယ်မြေများထိ ကွင်းဆင်းကာ နည်းပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

## သထုံမြို့နယ် ဒဂ်ီးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သထုံ ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒဂ်ီးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်းနှင့် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက ရတနာငွေးကြွယ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဒဂ်ီးဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လမ်းအရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကုန်ထုတ်လမ်းအရှည် ပေ ၉၃၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ဝဝံမြေသားလမ်း ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၃ သန်းဖြင့် ရတနာငွေးကြွယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိပြည်သူများ၏ စိုက်ပျိုးမြေဧက ၂၅၀၀ ကျော်မှထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သုတ**

## အမှိုက်

- အသုံးမကျ စွန့်ပစ်ရသော
  အစအနပွား ညစ်ကြေးများကို
  စဉ်းစားလိုက်မှ "အမှိုက်"ဟူ၏။
- ဤဇမ္ဗူဝယ်
  လူ၏ဘဝ သုံးမကျသော်
  လောကအမိုက် အမှိုက်သရိုက်နှင့်
  စိုက်လိုက်မတ်တတ် တူတကား။
- လူတော့လူပါ ဒါပေမဲ့မင်း
  စရိုက်ယွင်းသော် လူချင်းမတူ
  သူချင်းမမျှ
  လူအ လူန လူ့ဗာလတည့်
  မိဘဆရာ မျိုးဘာသာနှင့်
  သာသနာတွက် အသုံးခက်သော
  လူပျက်လူယုတ် လူရှုပ်လူပွေ
  လူလေလူဖျင်း ဘယ်အခင်းကြောင့်
  အရင်းခံကာ ထွက်ပေါ်လာသနည်း။
- လက်ဦးဆရာ မည်ထိုက်စွာပင်
  ပုဗ္ဗာစရိယ မိနှင့်ဖတည့်
  ရှေးစာရှိခဲ့
  မိဘမကွာ အတူသာလျှင်
  ဆရာလည်းသိ တာဝန်ရှိခဲ့
  တပည့်သားမြေး ငယ်စဉ်ရှေးက
  ယဉ်ကျေးလိမ္မာ စိတ်နေသာကာ
  ပညာပြည့်ဝ နှလုံးလှအောင်
  ဆုံးမသွန်သင် လူရာဝင်ရေး
  ဦးဆောင်ပေးသင့်
  သွေးအေးနေကြ ခုကာလ၌
  ချစ်စရှည်လို မုန်းစတိုရေး
  အမုန်းဘေးဒဏ် တို့မခံဟု
  ဝေဖန်ဆုံးမ မပြုကြသော်
  လောကစံလွဲ စရိုက်ပွဲ၍
  အမှိုက်ကြသူသာ ဖြစ်လိမ့်တကား။
- "ရှေးရှုမေတ္တာ ကရုဏာနှင့်
  နာနာကျင်ကျင် အပြစ်မြင်တိုင်း
  ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍
  ကျိုးလိုစိတ်က ဆုံးမတတ်သူ
  ဆရာဟူလော့"
  ရှေးမူကဝိ နှုန်းစံကြည့်ကာ
  တပည့်အများ သမီးသားကို
  ဆီးတားမရပ် မေတ္တာဓာတ်ဖြင့်
  ယုတ်လတ်မြတ်မရွေး အတတ်ပေးကာ
  မုန်းဘေးမရှို့ ဆုံးမဝံ့လျှင်
  အခွန့်ရှည်ဖွယ် ဤလူငယ်တို့
  နာလွယ်သောသူ သဘောဖြူကာ
  လူလည်းပီသ အသုံးကျ၍
  သောကမမြိုက် မနောအလှဆိုက်ပြီး
  လောကအမှိုက်များ ရှင်းလိမ့်တကား။ ။

(ဒွိပိဋကရေ-ဒွိပိဋကကောဝိဒ "အရှင်သိရီဒတ္တာလင်္ကာရ"၏ မွေးနေ့နှင့် ဓမ္မဘောဇဉ်များစာအုပ်မှ အတွေးရသည်။)

**မင်းယဉ်စု**

# နိုင်ငံတကာ သတင်းများ

## ဇင်ဘာဘွေနိုင်ငံအတွက် နောက်တွဲယာဉ်နှင့် ကောက်ရိတ်စက်အကူအညီပေးရန် ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကို ကမ်းလှမ်း



**ဟာရာရီ ဖေဖော်ဝါရီ ၁**

ဇင်ဘာဘွေနိုင်ငံသို့ ရောက်ရှိနေသော ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုသည် ဇင်ဘာဘွေအတွက် နောက်တွဲယာဉ်၊ ကောက်ရိတ်စက်နှင့် ကုန်တင်ယာဉ်အကူအညီများပေးရန် ဇန်နဝါရီ ၃၁ ရက်တွင် ကမ်းလှမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇင်ဘာဘွေ နိုင်ငံအတွက် ကမ်းလှမ်းထားသော အဆိုပါအကူအညီများသည် အမေရိကန်ဒေါ်လာ ၆၆သန်းတန်ဖိုးရှိ စက်မှုလယ်ယာလုပ်ငန်း တိုးတက်ရေးအစီအစဉ်အရ ကမ်းလှမ်းခဲ့သည့် အကူအညီများဖြစ်သည်ဟု ဘီလာရုစ်သမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

ဇင်ဘာဘွေ နိုင်ငံသည်လည်း ဘီလာရုစ်နိုင်ငံကဲ့သို့ပင် ရုရှားနိုင်ငံ၏ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံသည် ယူကရိန်းပြဿနာအတွက် ရုရှားနိုင်ငံကို ဝေဖန်ရှုတ်ချမှုမရှိခဲ့ဘဲ တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ဖြင့် ပြဿနာကို ဖြေရှင်းရန်သာ တိုက်တွန်းထားသည်။

ဘီလာရုစ်နှင့်ဇင်ဘာဘွေနိုင်ငံတို့သည် လယ်ယာလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုအားကောင်းသောနိုင်ငံများဖြစ်ကြသည်။

ဘီလာရုစ်သမ္မတ လူကာရှန်ကိုသည် သုံးရက်ကြာ ဇင်ဘာဘွေခရီးစဉ်အဖြစ် ဇန်နဝါရီ ၃၀ ရက်တွင် ဟာရာရီမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

KKO

## အိန္ဒိယသူကြွယ်အဒါနီ ကုမ္ပဏီအုပ်စုအကြီးအကဲ အာရှ၏အချမ်းသာဆုံး လူပုဂ္ဂိုလ်ဘွဲ့ ဆုံးရှုံးခဲ့

**ဒေလီ ဖေဖော်ဝါရီ ၁**

စတော့ဈေးကွက်၌ အရှုံးပေါ်ခဲ့ပြီးနောက်ပိုင်း အိန္ဒိယဘီလျံနာသူကြွယ်ဂိုသမ်အဒါနီမှာ အာရှ၏ အချမ်းသာဆုံး လူပုဂ္ဂိုလ်ဘွဲ့ကို စွန့်လွှတ်လိုက်ရပြီ ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဟင်ဒန်ဘာ့ဂ်အမည်ရှိ ဂျာမနီစီးပွားရေးသုတေသနအဖွဲ့က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်ကြောင့်အဒါနီကုမ္ပဏီအုပ်စု၏ အစုရှယ်ယာဈေးနှုန်းများမှာ ယနေ့တွင် ထပ်မံကျဆင်းခဲ့ရသည်။

အဒါနီကုမ္ပဏီများ အုပ်စု၏ ရှယ်ယာဈေးနှုန်းများ ထိုးကျမှုနှင့်အတူ ယင်းကုမ္ပဏီအုပ်စုအား ဦးဆောင်သူ ဂိုသမ်အဒါနီမှာလည်း အာရှ၏အချမ်းသာဆုံးပုဂ္ဂိုလ်ဘွဲ့ကို လက်လွှတ်ခဲ့ရသည်။

ဖိုဘီးစ်မဂ္ဂဇင်း၏ ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်များစာရင်းတွင် အဒါနီသည် အသားတင်ပိုင်ဆိုင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈၄ ဒသမ ဘီလီယံဖြင့် အဆင့် (၁၀) နေရာသို့ ကျရောက်ခဲ့ရသည်။

ဟင်ဒန်ဘာ့ဂ် သုတေသနအဖွဲ့ အစီရင်ခံစာ၌ အဒါနီကုမ္ပဏီအုပ်စုသည် ပြည်ပအခွန်ဘေးမဲ့နယ်မြေများနှင့် ဈေးကွက်ကစားမှုများပြုလုပ်ခဲ့ကြောင်း စွပ်စွဲထားသည်။

သို့သော် ဟင်ဒန်ဘာ့ဂ်အဖွဲ့၏ စွပ်စွဲချက်ကို အဒါနီကုမ္ပဏီအုပ်စုက ငြင်းပယ်ထားကြောင်း သိရသည်။

KKO

## ၂၀၂၂ ခုနှစ်အတွင်း ဘီယာလီတာပေါင်း ၈ ဒသမ ၈ ဘီလီယံ ဂျာမနီရောင်းချနိုင်ခဲ့

**ဘာလင် ဖေဖော်ဝါရီ ၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရေး စည်းမျဉ်းများ၏ ဖိအားကို နှစ်နှစ်ကြာရင်ဆိုင်ခဲ့ရပြီးနောက် ဂျာမနီနိုင်ငံ၏ ဘီယာတင်ပို့ရောင်းချမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် မြင့်တက်လာခဲ့ကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

ဂျာမနီအစိုးရ ဖက်ဒရယ်စာရင်းအင်းရုံး ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂ ခုနှစ်အတွင်း ဂျာမနီအခြေစိုက် ဘီယာချက်လုပ်ဖြန့်ချိသူများသည် ဘီယာလီတာပေါင်း ၈ ဒသမ ၈ ဘီလီယံ (ဂါလန် ၂ ဒသမ ၃ ဘီလီယံ)ထိ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



သို့သော် ဂျာမနီဘီယာချက်လုပ်သူများ၏ ၂၀၂၂ ခုနှစ် ဘီယာရောင်းအားမှာ ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၇ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဂျာမနီ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် ဂျာမနီနိုင်ငံ၏ ၂၀၂၂ခုနှစ် ဘီယာရောင်းအားသည် ကိုဗစ်-၁၉ ရောဂါမတိုင်မီကာလ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးရာခိုင်နှုန်းပိုနည်းနေဆဲဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း ရောင်းချခဲ့သောဘီယာပမာဏအနက် လီတာပေါင်း ၇ ဒသမ ၂ ဘီလီယံမှာ ပြည်တွင်း၌ ရောင်းချခဲ့ခြင်းဖြစ်ပြီး လီတာသန်း ၈၀၀ကျော်ကို ပြည်ပသို့ တင်ပို့ခဲ့သည်။

ဂျာမနီနိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွင်းပြည်ပဘီယာတင်ပို့မှုနှုန်းမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်ခဲ့ပါက ကျဆင်းခဲ့သည်။ KKO

## တရားဝင်နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းသစ်ကို လက်ဘနွန်နိုင်ငံ စတင်ကျင့်သုံး

**ဘေရွတ် ဖေဖော်ဝါရီ ၁**

လက်ဘနွန်နိုင်ငံသည် တရားဝင်နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းသစ်ကို ယနေ့တွင် စတင်ကျင့်သုံးနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ဘနွန်ဗဟိုဘဏ်၏တရားဝင်ငွေလဲလှယ်မှုနှုန်းသစ်အရ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် လက်ဘနွန်ပေါင်ငွေ၁၅၀၀၀ ပေါင်ထိရှိလာမည်ဖြစ်သည်။

လက်ဘနွန်နိုင်ငံသည် ၂၅ နှစ်ကြာ တစ်သမတ်တည်း သုံးစွဲခဲ့သော တရားဝင်နိုင်ငံခြားငွေလဲလှယ်မှုနှုန်းဟောင်းမှလက်ဘနွန်ပေါင်ငွေကို ၉၀ ရာခိုင်နှုန်းတန်ဖိုးချ၍ လဲလှယ်မှုနှုန်းသစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခင်ကျင့်သုံးခဲ့သော တရားဝင်နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းဟောင်းတွင် အမေရိကန် တစ်ဒေါ်လာလျှင် လက်ဘနွန်ပေါင် ၁၅၀၇ ပေါင်သာ ဈေးပေါက်ခဲ့သည်။

နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းသတ်မှတ်ချက်အသစ်တွင် ဘဏ်များလည်း အကျိုးဝင်ကြောင်း လက်ဘနွန်ဗဟိုဘဏ်၏ ကြေညာချက်၌ ဖော်ပြထားသည်။

နိုင်ငံခြားငွေ လဲလှယ်နှုန်းသစ်ကြောင့် အမေရိကန်ဒေါ်လာကို အဓိကငွေကြေးစနစ်အဖြစ် သုံးစွဲမှုပိုမိုကျယ်ပြန့်လာသော လက်ဘနွန်စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ဟုလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

KKO



## ရက်သတ္တနှစ်ပတ်ကြာပျောက်ဆုံးနေသည့် ဆေစီယမ်-၁၃၇ ဒြပ်စင်ထည့်သတ္တုပြွန်ငယ် ဩစတြေးလျတာဝန်ရှိသူများ ပြန်လည်တွေ့ရှိ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁**

ရက်သတ္တနှစ်ပတ် နီးပါးကြာ ပျောက်ဆုံးနေသော ရေဒီယိုသတ္တိကြွ ဒြပ်စင်ထည့်အလုံပိတ် ပြွန်ငယ်ကို ဩစတြေးလျ တာဝန်ရှိသူများက ယနေ့တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆေစီယမ်-၁၃၇ အမည်ရှိ ရေဒီယိုသတ္တိကြွ ဒြပ်စင်ထည့်သွင်းထားသည့် အဆိုပါအလုံပိတ်ပြွန်ငယ်ကို အနောက်ဩစတြေးလျပြည်နယ် အဝေးပြေးလမ်းတစ်နေရာ လမ်းဘေးအနီး၌ ပြန်လည်ရှာတွေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုသတ္တိကြွဒြပ်စင်ထည့်ပြွန်ငယ်ကို ဩစတြေးလျ ကျွမ်းကျင်သူ ဦးရေ ၁၀၀ ခန့်က မိုင် ၈၇၀ ရှည်လျားသည့် အဝေးပြေးလမ်းတစ်လျှောက် ရက်သတ္တပတ်နီးပါးကြာ အချိန်ယူရှာဖွေခဲ့ရကြောင်း သိရသည်။

ဆေစီယမ်-၁၃၇ ဒြပ်စင်ထည့် ပြွန်ငယ်ကို ရှာဖွေရာတွင် ဩစတြေးလျ ကျွမ်းကျင်သူများသည် အထူးဓာတ်ရောင်ခြည် တိုင်းတာရေးကိရိယာများကို အသုံးပြုခဲ့ကြသည်။

အဆိုပါပြွန်ငယ်သည် အချင်း ခြောက်မီလီမီတာ၊ ၃ ခြောက်မီလီမီတာမျှသာရှိရာ ဩစတြေးလျတာဝန်ရှိသူများမှာ ခက်ခက်ခဲခဲ ရှာဖွေခဲ့ရသည်။

ဆေစီယမ်-၁၃၇ ဒြပ်စင်ကို ထိတွေ့မိပါက ဓာတ်ရောင်ခြည်လောင်ကျွမ်းမှု သို့မဟုတ် ဓာတ်ရောင်ခြည်အဆိပ်သင့်မှုများဖြစ်ပွားတတ်သည်။

ရီယိုတီနိုသတ္တုကုမ္ပဏီ၏အဆိုပါ ပြွန်ငယ်သည် ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်ကျော်က သွားလာရင်း ပျောက်ဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၄၉ စင်းနှင့် အခြားဂြိုဟ်တုတစ်စင်း လွှတ်တင်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၄၉ စင်းနှင့် အခြားဂြိုဟ်တုတစ်စင်းတို့ကို ဇန်နဝါရီ ၃၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုအစင်း ၅၀ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ မိနစ်နှင့် ၄၅ စက္ကန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

ထို့နောက် စီစဉ်ထားသည့်အတိုင်း လွှတ်တင်ပြီး ၅၈ မိနစ်နှင့် ၁ နာရီ ၁၇ မိနစ်အကြာတို့တွင် ခရီးကြိုလိုက်ဂြိုဟ်တုနှင့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

လက်ရှိအချိန်ထိ Space-X အာကာသနည်းပညာကုမ္ပဏီသည် ကမ္ဘာပတ် လမ်းကြောင်းပေါ်၌ စတားလင့်ခ် ဂြိုဟ်တုငယ်ပေါင်း ၃၈၀၀ ကျော် နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၃၁ မစ်ရှင်သည် Space-X အာကာသနည်းပညာ ကုမ္ပဏီအတွက် ယခုနှစ်၏ တတိယမြောက် စတားလင့်ခ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၁ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၁ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၁ ရက်က ရေးသားတင်ပြထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ကင်းထောက်ပျံသန်းမှုကို ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အကွာအဝေးပေ ၆၀၀ ကို ၁၀၉ စက္ကန့်ကြာ ပျံသန်းခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက နည်းပညာစမ်းသပ်မှုအတွက်သာ စေလွှတ်ခဲ့သော အင်ဂျီနျူတီရဟတ်ယာဉ်ကို နောက်ပိုင်းတွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်



လှေ့လာရေးယာဉ်အတွက် ကင်းထောက်ယာဉ်အဖြစ် ဆက်လက်အသုံးပြုလျက်ရှိသည်။

အင်ဂျီနျူတီ ရဟတ်ယာဉ်နှင့် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်တို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် လူသားတို့စေလွှတ်ခဲ့သော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်များအနက် အင်္ဂါဂြိုဟ် လေထုလွှာအတွင်း ပျံသန်းနိုင်သော ပထမဆုံးအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

KKO

## CI 2022 E3 အစိမ်းရောင်ကြယ်တံခွန်ကြီးက ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

CI 2022 E3 အမည်ရှိ အစိမ်းရောင်ကြယ်တံခွန်ကြီးသည် ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းမည်ဖြစ်ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၁ ရက်က ရေးသားတင်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် CI 2022 E3 အစိမ်းရောင်ကြယ်တံခွန်ကြီးသည် ကမ္ဘာမြေကို မိုင်ပေါင်း ၂၆ သန်းနှင့် ၂၇ သန်းကြားအကွာအဝေးမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ၎င်းကြယ်တံခွန်ကို ပိုလာရိုက်စ်ကြယ်အနီး၌ အစိမ်းရောင်ဖျော့ဖျော့ အလင်းပြောက်အဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် CI 2022 E3 အစိမ်းရောင်ကြယ်တံခွန်ကြီးကို ညမှောင်ချိန်တွင် သာမန်မျက်စိဖြင့် မြင်တွေ့နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ကြယ်တံခွန်သည် ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းပြီးနောက် ဖေဖော်ဝါရီ ၁၀ ရက်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ထပ်မံဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

CI 2022 E3 အစိမ်းရောင်ကြယ်တံခွန်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ က ကမ္ဘာမြေကို နောက်ဆုံးတစ်ကြိမ် အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ဖူးကြောင်း သိရသည်။ KKO

# HEALTH

## ကော်ဖီတွင် နွားနို့ထည့်သောက်ပါက ရောင်ရမ်းမှုတိုက်ဖျက်နိုင်စွမ်း ပိုကောင်းလာနိုင်

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၁**

ကော်ဖီတွင် နွားနို့ထည့်သောက်သုံးပါက ရောင်ရမ်းမှုတိုက်ဖျက်နိုင်စွမ်း ပိုကောင်းလာခြင်းကဲ့သို့ ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၃၁ ရက်က ရေးသားတင်ပြထားသည်။

ကော်ဖီတွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သော ပိုလီဖီနောလ် (Polyphenols) ခေါ် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများ ပေါကြွယ်ဝကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပိုလီဖီနောလ်ကြွယ်ဝသည့် အစားအစာများကို နွားနို့ကဲ့သို့ အမိုင်နိုအက်စစ်ကြွယ်ဝသောအစားအစာများနှင့် တွဲဖက်စားသုံးခြင်းဖြင့် ပိုလီဖီနောများ၏ ရောင်ရမ်းမှုလျှော့ချနိုင်စွမ်း နှစ်ဆပိုအားကောင်းလာတတ်ကြောင်း သိရသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ပိုလီဖီနောလ်နှင့် အမိုင်နိုအက်စစ်တို့ကို ဓာတ်ခွဲခန်းအတွင်း ဆဲလ်အဆင့်စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကော်ဖီကို နွားနို့ဖြင့်ရောသောက်ချိန်တွင် ရောင်ရမ်းမှုတိုက်ဖျက်ရေးအကျိုးသက်ရောက်မှု အားကောင်းလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နွားနို့သည် ပရိုတင်းဓာတ်ကြွယ်ဝသည့်အပြင် လူသားတို့အတွက် လိုအပ်သည့် အမိုင်နိုအက်စစ်ကိုးမျိုးစလုံးလည်း ပါဝင်ကြောင်း သိရသည်။ KKO

## အော်တစ်ဇင်ရောဂါလူနာများက နာကျင်မှုကို သာမန်လူများထက် ပိုခံစားရနိုင်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁**

အော်တစ်ဇင် (Autism) ရောဂါရှိသူများသည် နာကျင်မှုဝေဒနာကို အခြားသာမန်လူများထက် ပို၍ခံစားရနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၃၁ ရက်က ရေးသားတင်ပြထားသည်။

အော်တစ်ဇင်လူနာများအနေဖြင့် နာကျင်မှုဝေဒနာကို ဂရုမထားတတ်ဟူသောအယူအဆမှာ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မှားယွင်းနေကြောင်း အစ္စရေးနိုင်ငံ တဲလ်အဗစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အစ္စရေး သုတေသနပညာရှင်များ၏အဆိုအရ အော်တစ်ဇင်လူနာ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိတွင် Sensory Modulation Dysfunction ခေါ် အာရုံနှာဗ်ဆဲလ်စနစ် ပြဿနာတစ်မျိုးရှိနေတတ်ကြောင်း သိရသည်။

အဆိုပါ အာရုံနှာဗ်ဆဲလ်ပြဿနာကြောင့် အော်တစ်ဇင်လူနာများ၏နာကျင်မှုဝေဒနာ ထိန်းချုပ်ရေးယန္တရားစနစ် ထိရောက်မှု ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အော်တစ်ဇင်လူနာများမှာ အများတကာထက်ပို၍ နာကျင်မှုဝေဒနာကို ပို၍ခံစားရတတ်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အော်တစ်ဇင်ရောဂါလူနာများသည် ကိုယ့်ကိုယ်ကိုယ် နာကျင်အောင်ပြုလုပ်၍ စိတ်ခံစားမှုကို လျှော့ချတတ်ခြင်းကြောင့် အဆိုပါလူနာများမှာ နာကျင်မှုကိုဂရုမထားတတ်ကြောင်း လူအများက ယူဆခဲ့ကြကြောင်း သိရသည်။

KKO






# ရင်းနက်တောင်ပံကစားသမား ဆူလီမန်နာကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဆောက်သမ်တန်အသင်းခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ပိုင်းကျဆင်းခဲ့ကာ အမှတ်ပေးဇယားအောက်ဆုံးသို့ ရောက်ရှိနေသည့် ဆောက်သမ်တန်အသင်းက တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက် ကစားသမားဖြည့်တင်းမှုများပြုလုပ်ခဲ့ရာ ရင်းနက်အသင်းတောင်ပံကစားသမား ဆူလီမန်နာကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းပေး၍ ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ကလပ်အသင်းသမိုင်းတွင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက ခံစစ်ကစားသမား ဗက်စတာဂတ်ကို ဂလာဘတ်အသင်းမှ ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် လီဗာပူးအသင်းမှ တိုက်စစ်မှူး ဒန်နီအင့်ကို ယူရို ၂၅ ဒသမ ၁၀ သန်းဖြင့်လည်းကောင်း ခေါ်ယူခဲ့ပြီးနောက် ယခု အပြောင်းအရွှေ့ကာလတွင် ရင်းနက်တောင်ပံကစားသမား ဆူလီမန်နာကို ယူရို ၂၅ သန်းပေး၍ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆူလီမန်နာသည် ဖြိုးခဲ့သည့်ဘောလုံးရာသီက ရင်းနက်အသင်းသို့ ယူရိုသန်း ၂၀ ဖြင့် ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပုံစံကောင်းပျောက်ဆုံးခဲ့ကာ သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း နိုင်ငံလက်ရွေးစင်ဂါနာအသင်းတွင် ခြေစွမ်းပြသ၍ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၂၀ အပြီးတွင် လေးပွဲနိုင်၊ သုံးပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၅ မှတ်ရရှိကာ အမှတ်ပေးဇယားအောက်ဆုံးသို့ ကျရောက်နေသော်လည်း ပရီးမီးယားလိဂ်တွင် ဆက်လက်ကျန်ရှိရန် အခွင့်အရေးရှိနေသောကြောင့် လက်ရှိအပြောင်းအရွှေ့တွင် ဒိုင်နမိုဇာဂရက်စ်တိုက်စစ်မှူး အော်ဆစ်ကို ယူရို ခြောက်သန်း၊ ဂျန့်အသင်းတိုက်စစ်မှူး အိုနူအာချူကို ယူရို ၁၈ သန်းအပြင် ရင်းနက်တောင်ပံကစားသမား ဆူလီမန်နာကိုလည်း ယူရို ၂၅ သန်းပေး၍ တိုက်စစ်ပိုင်း ဖြည့်တင်းခဲ့ကြောင်း သိရသည်။

ML






# ကွာရာဘောင်းဆီမီးဖိုင်နယ်တွင် အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်း ဗိုလ်လုပွဲစဉ်သို့ တက်ရောက်

**လန်ဒန် ဖေဖော်ဝါရီ ၁**

ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ် ဒုတိယအကျော့အဖြစ် နယူးကာဆယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ကစားခဲ့ရာ နယူးကာဆယ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးတစ်ဂိုးဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နယူးကာဆယ်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် ဆောက်သမ်တန်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ လက်ရှိ ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့်အနိုင်ရရှိခဲ့ကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သောကြောင့် အသင်းသမိုင်းတစ်လျှောက်ဖလားပြိုင်ပွဲများတွင် ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ၁၉၉၈-၁၉၉၉ ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် မန်ယူအသင်းနှင့်တွေ့ဆုံခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယနေရာသာရရှိခဲ့ပြီးနောက်ပိုင်း ယခုနှစ် ဘောလုံးရာသီမှသာ ဆုဖလားပြိုင်ပွဲများတွင် ဗိုလ်လုပွဲစဉ်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့သည်။

နယူးကာဆယ် အသင်းသည် ယခုပွဲစဉ်တွင် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ပွဲချိန် ငါးမိနစ်နှင့် ပွဲချိန် ၂၁ မိနစ်တွင် ကွင်းလယ်ကစားသမား ဆီရန်လောင်းစတက်က ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း ဆောက်သမ်တန်အသင်း၏ တိုက်စစ်ကစားပုံကောင်းမွန်မှုကြောင့် ပွဲချိန် ၂၉ မိနစ်တွင် ချီအဒမ်က ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲပြီးဆုံးချိန်ထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ကွင်းလယ်ကစားသမား ဆာဘစ်ဇာ မန်ယူအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

**မန်ချက်စတာ ဖေဖော်ဝါရီ ၁**

မန်ယူအသင်းသည် ကွင်းလယ်ပိုင်းတွင် ဒဏ်ရာပြဿနာကြုံတွေ့နေသည့် အယ်ရစ်ဆင်နေရာတွင် အစားထိုးရန်အတွက် ကွင်းလယ်ကစားသမား ဆာဘစ်ဇာကို ရာသီဝက်အငှားစာချုပ်ဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ ခေါ်ယူခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ရီးဒင်းအသင်းအား သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား အယ်ရစ်ဆင်အနေဖြင့် ပွဲကစားချိန် ၅၇ မိနစ်တွင်ရရှိခဲ့သော ခြေချင်းဝတ်ဒဏ်ရာကြောင့် မတ်လကုန်ထိအနားယူရမည်ဖြစ်၍ ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဆာဘစ်ဇာကိုကမ်းလှမ်းခဲ့ရာ အပြောင်းအရွှေ့ကာလနောက်ဆုံးချိန်တွင် ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈နှစ်ရှိ ဆာဘစ်ဇာက "တစ်ခါတစ်ရံဘဝမှာအရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို အလျင်အမြန်ဆုံးဖြတ်ရတာတွေရှိပါတယ်။ လက်ရှိမှာလဲ မန်ယူအသင်းရဲ့ကမ်းလှမ်းမှုကိုရတာနဲ့ ဒီအခွင့်အရေးကိုလက်မလွှတ်ဖို့ ဆုံးဖြတ်ချက်ချပြီးပြောင်းရွှေ့ခဲ့တာပါ။ ကျွန်တော်ဟာ ပြိုင်ဆိုင်နေရတာကို လိုချင်တဲ့သူဖြစ်ပါတယ်။ မန်ယူအသင်းမှာလဲ ပွဲထွက်ခွင့်အတွက် ယှဉ်ပြိုင်သွားမှာပါ။ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေနဲ့ အသင်းကို ဆုဖလားတွေရယူပေးချင်ပါတယ်။ အခုချိန်မှာ အသင်းဖော်တွေ အသင်းပရိသတ်တွေကို ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ကို ပြသဖို့ စိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဆာဘစ်ဇာသည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက လိုက်ပ်ဇစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရာ ပြိုင်ပွဲစုံ ၄၀ ပါဝင်ကစားခဲ့ရာတွင် ၁၅ ပွဲသာ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့သောကြောင့် ပွဲထွက်ခွင့်ပိုမိုရရှိမည့် အသင်းတစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေချိန်တွင် မန်ယူအသင်း၏ကမ်းလှမ်းမှုကိုရရှိခဲ့ပြီး အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂါစီယာ တက်ရောက်

**လိုင်ယွန် ဖေဖော်ဝါရီ ၁**

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပနေသည့် လိုင်ယွန်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့် ချက်တင်းနစ်မယ် မာတင်ကိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂါစီယာက (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာသည် အိမ်ရှင်ကစားသမားတစ်ဦးဖြစ်သလို နိုင်ခြေအဆင့် ၁ အဖြစ်သတ်မှတ်ခံထားရသူဖြစ်ပြီး မာတင်ကိုဗာအားအနိုင်ရခဲ့သောပွဲစဉ်တွင်လည်း အကောင်းဆုံး ပုံစံပြသနိုင်ခဲ့သည်။

ဂါစီယာသည် မာတင်ကိုဗာအား ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် Tie-break အဆင့်ထိကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂါစီယာက "လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပွဲစဉ်တိုင်းက တော့ ခက်ခဲပါတယ်။ပထမအဆင့် ဆိုပေမဲ့လဲ ပြိုင်ဘက်ကစားသမားက ကစားတာ အရမ်းကောင်းတဲ့အတွက် ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ ကျွန်မအနေနဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာသိပ်ပြီး အားရကျေနပ်မှုမရှိပေမဲ့လဲ ပွဲအပေါ်မှာ အာရုံစိုက်ပြီး ရေကုန်ရေခမ်းကစားခဲ့တဲ့အတွက် နိုင်ပွဲရရှိခဲ့တာပါ။ ဖိအားရှိတယ်ဆိုပေမဲ့လဲ ဖိအားအကြောင်းမတွေးဘဲ ပွဲအပေါ်မှာပဲ အာရုံစိုက်ထားနိုင်တဲ့အတွက်ကြောင့်လဲ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ ပွဲကစားနေစဉ်အတွင်း မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေကိုမြင်တွေ့ရတာလဲ ခွန်အားဖြစ်စေပါတယ်။ ပြင်သစ်မြေမှာ ယှဉ်ပြိုင်ကစားရတဲ့ပြိုင်ပွဲတိုင်းမှာ ကျွန်မကိုလိုက်လံအားပေးခဲ့ကြတဲ့ မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ နိုင်ပွဲတွေ အောင်မြင်မှုတွေကိုလဲ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့အတူ မျှဝေခံစားချင်တယ်။ ခက်ခဲမဲ့ကိစ္စဆိုပေမဲ့လဲ ပြင်သစ်မှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာတော့ အောင်မြင်မှုတွေ ပိုလိုချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက အပြောင်းအရွှေ့မပိတ်သိမ်းမီ ချဲလ်ဆီးတောင်ပံကစားသမား ဇီရက်ချ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဆွေးနွေးမှုအဆင်မပြေသဖြင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရကြောင်း သိရသည်။
- လာမည့် မေလတွင် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းတွင်ကျင်းပမည့် LPGA ဂေါက်သီးရိုက်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုမြင့်မားလာသောကြောင့် ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

ML

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ကစားသမားတစ်ဦးမှ မခေါ်ယူခဲ့မှုကြောင့် အဲဗာတန်အသင်း ပရိသတ်များက ကွင်းပြင်ပတွင် ဆန္ဒပြမှုပြုလုပ်




**လန်ဒန် ဖေဖော်ဝါရီ ၁**

အဲဗာတန်အသင်းပရိသတ်များက ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်တစ်ဦးမှ ခေါ်ယူအင်အားဖြည့်တင်းမှုမပြုလုပ်ခဲ့သည့်အတွက် အသင်းပိုင်ရှင်ကို ကွင်းပြင်ပတွင် ဝိုင်းဝန်းဆန္ဒကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်ဟု Sky Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ရာသီဝက်ကာလပြီးဆုံးချိန်တွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့်အတူ တန်းဆင်းဇုန်အတွင်း ကျရောက်နေသော်လည်း အသင်းတာဝန်ရှိသူများက လက်ရှိဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းမှု မပြုလုပ်ခဲ့သည့်အတွက် ဒေါသထွက်ပေါက်ကွဲကြပြီး အသင်းကွင်းပြင်ပတွင် ဆန္ဒပြမှုများပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး အဆင့်(၁၉)နေရာတွင် ရပ်တည်နေသည့်အတွက် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး နည်းပြ လမ်းပတ်ကို ထုတ်ပယ်ခဲ့ကာ ဘန်လေအသင်း နည်းပြဟောင်း ရှောင်ဒိုက်နှင့် အစားထိုးခဲ့သည်။

အဲဗာတန်အသင်းက လက်ရှိဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြအပြောင်းအလဲသာပြုလုပ်ခဲ့ပြီး ကစားသမားခေါ်ယူမှုတစ်ဦးမှ မပြုလုပ်ခဲ့ဘဲ အသင်းနှင့်ခြေစွမ်းပြသလျက်ရှိနေသည့် တိုက်စစ်ကစားသမား ဝေါ်ဒန်ကိုလည်း နယူးကာဆယ်အသင်းထံ ရောင်းချခဲ့သည့်အတွက် အသင်းပရိသတ်များက အသင်းလုပ်ရပ်အပေါ် ဒေါသထွက်ပေါက်ကွဲခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်အသင်း အနေဖြင့် လက်ကျန်ဘောလုံးရာသီတွင် တန်းမဆင်းရရန်အတွက် ရုန်းကန်ရမည့်အခြေအနေတွင်ရောက်ရှိနေသော်လည်း လိုအပ်သည့်ကစားသမားဖြည့်တင်းမှုများ မပြုလုပ်ခဲ့သည့်အတွက် အသင်းပရိသတ်များက အသင်းပိုင်ရှင် မိုရှီရီနှင့် အသင်းဥက္ကဋ္ဌ ဘီလ်ကင်ရိုက်တို့ကို ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒကျင်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

STA

# စပါးအသင်းနည်းပြ ကွန်တီ သည်းခြေအိတ်ရောဂါခွဲစိတ်ကုသမှုကြောင့် တစ်လခန့်အနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၁**

စပါးအသင်းနည်းပြ ကွန်တီသည် သည်းခြေအိတ်ရောဂါခွဲစိတ်ကုသမှုကြောင့် တစ်လခန့်ထိအနားယူရမည်ဖြစ်ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်တီသည် ယနေ့တွင် ဗိုက်အောင့်ဝေဒနာကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ရာ သည်းခြေအိတ်ရောဂါ ဖြစ်ပွားခဲ့သောကြောင့် အကြီးစားခွဲစိတ်ကုသမှု ခံယူခဲ့ရသည့်အတွက် အနည်းဆုံးတစ်လခန့် အနားယူရမည်ဖြစ်သည်။

စပါးအသင်းက "ကွန်တီ အနေနဲ့ ဒီနေ့မှာ သည်းခြေအိတ်ခွဲစိတ်ကုသမှုခံယူခဲ့ရလို့ အနည်းဆုံး တစ်လလောက် အနားယူရမှာပါ။ သူ့အနေနဲ့ အမြန်ဆုံးပြန်လည်ကောင်းမွန်လာဖို့အတွက် ဆုတောင်းပေးနေမှာပါ။ အမြန်ဆုံးပြန်လည်ကောင်းမွန်လာလိမ့်လို့ ယုံကြည်ပါတယ်။ ကွန်တီအတွက် ဆုတောင်းပေးကြတဲ့ ပရိသတ်တစ်ဦးချင်းကိုလဲ ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟု သတင်းထုတ်ပြန်ခဲ့သည်။



နည်းပြ ကွန်တီ အနားယူနေသည့်ကာလတွင် အသင်းကို ယာယီနည်းပြ စတယ်လီနီက တာဝန်ယူကိုင်တွယ်သွားမည်ဟု စပါးအသင်းက အတည်ပြုထားပြီး ကွန်တီအနေဖြင့် လာမည့်မတ်လလယ်ခန့်မှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

STA

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ရွေးစင်အသင်းနည်းပြ အန်တွန်နီဟေးနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီး နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဂျာမနီနိုင်ငံသား အန်တွန်နီဟေးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ နှစ်ဖက်သဘောတူညီချက်ဖြင့်လမ်းခွဲခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြ အန်တွန်နီဟေးကို မြန်မာ့လက်ရွေးစင်အသင်းနည်းပြအဖြစ် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလက ဒုတိယအကြိမ် ပြန်လည်ခန့်အပ်ခဲ့ပြီး စာချုပ်သက်တမ်းမှာ လာမည့်အောက်တိုဘာလမှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ်သက်တမ်း မကုန်ဆုံးမီ နှစ်ဖက်စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲရန်အတွက် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြ အန်တွန်နီဟေးကို ပထမအကြိမ်အဖြစ် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မေလက ခန့်အပ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသဖြင့် အဆိုပါပြိုင်ပွဲအပြီး ဒီဇင်ဘာလတွင် လမ်းခွဲခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်က တစ်ကျော့ပြန်လည်ခန့်အပ်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့ဘဲ အုပ်စုအဆင့်မှ ထပ်မံထွက်ခွာခဲ့ရသည့်အတွက် ယခုအခါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြ အန်တွန်နီဟေးနှင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လာမည့်နိုင်ငံတကာ ပွဲစဉ်များအတွက် နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်နေပြီး နည်းပြအဖွဲ့ဝင်များကိုလည်း ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# AT&T Pebble Beach Pro-Am ပြိုင်ပွဲတွင် ဂျော်ဒန်စပိုက် ပါဝင်ယှဉ်ပြိုင်သွားမည်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပသွားမည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂျော်ဒန်စပိုက်က ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့ကြောင်း PGA က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက် လောက၏ အကျော်ကြားဆုံးဂေါက်ကလပ်ဖြစ်သည့် Pebble Beach ဂေါက်ကလပ်တွင် ကျင်းပသွားမည့်ပြိုင်ပွဲဖြစ်သည့်အတွက် နာမည်ကြီးကစားသမားအမြောက်အမြား ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဂျော်ဒန်စပိုက်သည် ၂၀၁၇ ခုနှစ်တွင် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ဒုတိယအကြိမ် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

ဂျော်ဒန်စပိုက်က "AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော့်အတွက် အမှတ်တရကောင်းတွေ အများကြီးရှိပါတယ်။ ဂေါက်သီးရိုက်လောကထဲကို စတင်ဝင်ရောက်လာတဲ့အချိန် အောင်မြင်မှုဆိုတဲ့ ခံစားမှုကိုပေးခဲ့တဲ့ပြိုင်ပွဲတစ်ရပ်လဲဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ခဲ့တာလဲ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီနဲ့ အခုဒီနှစ်ရာသီအစပိုင်းမှာရလဒ်ကောင်းတွေ ရဖို့ရုန်းကန်နေရတယ်။ ဒီအခြေအနေက အမြန်ဆုံးရုန်းထွက်နိုင်ဖို့ကြိုးစားနေပါတယ်။ ဒီပြိုင်ပွဲမှာ ကမ္ဘာ့အဆင့် ၁၀ အတွင်းမှာရပ်တည်နေတဲ့ ကစားသမားများလဲ ပါဝင်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ခက်ခဲတဲ့ပြိုင်ပွဲတစ်ရပ် ဖြစ်လာလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လိုက်ဝယ်သာဝိတ်တန်းလက်ရှိချန်ပီယံ ဂျို့ရှ်တေလာက မကျေပွဲစဉ်အဖြစ် ကက်တာအောနှင့် ထိုးသတ်သွားရန်စီစဉ်

**အီဒင်ဘာ့ဂ် ဖေဖော်ဝါရီ ၁**

WBA(Super)၊ WBC၊ IBF၊ WBO လိုက်ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ဂျို့ရှ်တေလာသည် ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ကက်တာအောနှင့် ၂၀၂၂ ခုနှစ်တွင် ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာလက်ရှိ ချန်ပီယံကို ကာကွယ်ထားနိုင်ခဲ့သည်။

ဂျို့ရှ်တေလာအနေဖြင့် ကက်တာအောနှင့် ထိုးသတ်ခဲ့ပြီးနောက်ပိုင်း အခြားသောပြိုင်ဘက်များဖြင့် ထိုးသတ်ထားခြင်းမရှိဘဲ လက်ရှိချန်ပီယံအားကာကွယ်ရမည့် အချိန်ကာလ ရောက်ရှိလာပြီဖြစ်သည့်အတွက် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ကက်တာအောနှင့် မကျေပွဲ ပြန်လည်ထိုးသတ်သွားရန် ဂျို့ရှ်တေလာ၏ Promoter ဖြစ်သူ ဘော့အာရမ်က စီစဉ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Rings 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တလန် လက်ဝှေ့သမား ဂျို့ရှ်တေလာသည် အင်္ဂလန် လက်ဝှေ့သမား ကက်တာအောဖြင့် ပထမတစ်ကြိမ် ထိုးသတ်ခဲ့စဉ်က ပြတ်သားသည့်ရလဒ်မျိုးဖြင့် လက်ရှိချန်ပီယံအားကာကွယ်နိုင်ခဲ့ခြင်းမျိုးမဟုတ်ဘဲ မကျေပွဲစဉ် ပြန်လည်ထိုးသတ်ပါက ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ယူရန် ပစ်မှတ်ထားနေကြောင်း ဘော့အာရမ်က ပြောကြားခဲ့သည်။

ဂျို့ရှ်တေလာနှင့် ကက်တာအောတို့ကြား ထိုးသတ်ခဲ့သည့်စိန်ခေါ်ပွဲမှာ တစ်နှစ်ခန့်ကြာမြင့်သွားခဲ့ပြီဖြစ်သလို ၎င်းအနေဖြင့် ကြားကာလတွင်စိန်ခေါ်ပွဲထိုးသတ်ထားခြင်းမရှိသည်မှာ ဒဏ်ရာပြဿနာရှိနေခြင်းကြောင့် အနားယူနေသူဖြစ်သည်။

သို့သော်လည်း WBO အဖွဲ့ချုပ်က ဂျို့ရှ်တေလာအား ဒဏ်ရာရရှိထားသည့်အတွက် ဆေးမှတ်တမ်းကို စစ်ဆေးကာ ဂျို့ရှ်တေလာအား လက်ရှိချန်ပီယံကာကွယ်သွားရမည့် အချိန်အား သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဂျို့ရှ်တေလာ၏ Promoter ဖြစ်သူ ဘော့အာရမ်က "ဂျို့ရှ်တေလာဟာလက်ရှိ ချန်ပီယံကာကွယ်ရမဲ့ အချိန်ကာလရောက်လာခဲ့ပါပြီ။ ဒါပေမဲ့ ဂျို့ရှ်တေလာအနေဖြင့် ခြေဖဝါးဒဏ်ရာ ရရှိထားပါတယ်။ ဒဏ်ရာအခြေ အနေပေါ်မူတည်ပြီးတော့ စိန်ခေါ်ပွဲကိုစီစဉ်သွားပါမယ်။ ပြိုင်ဘက်အနေနဲ့လဲ ကက်တာအောကိုရွေးချယ်သွားဖို့ စဉ်းစားထားပါတယ်။ လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အတွက် ကက်တာအောနဲ့ ထိုးသတ်သွားဖို့အတွက်လဲ စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ကမ္ဘာ့ရေးရာများတွင် မဟာဗျူဟာမှားယွင်းနေသော အမေရိကန်




ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် အာဖဂန်နစ္စတန်၊ အီရတ်နှင့်လစ်ဗျားကဲ့သို့သောနိုင်ငံများတွင် အမေရိကန်၏စစ်ရေးဆိုင်ရာမစ်ရှင်များ ဆင်နွှဲခြင်းသည် ကျိုးကြောင်းဆီလျော်သော မဟာဗျူဟာများကင်းမဲ့လျက်ရှိသည်။ အမှန်တော့စစ်ပွဲဆိုသည်မှာ နိုင်ငံရေးအာဏာချဲ့ထွင်မှုကို အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နေရင်းနိုင်ငံရှိသူများနှင့်နိုင်ငံမဲ့သူများက နိုင်ငံရေးရလဒ် ထွက်ပေါ်လာရေးအတွက် အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံ့ခေါင်းဆောင်များသည် စစ်အင်အား အသုံးပြုသည့်အချိန်တိုင်း အကြောင်းပြချက်ခိုင်လုံရမည်ဖြစ်ပေသည်။ အထူးသဖြင့် နိုင်ငံရေးရည်မှန်းချက်အောင်မြင်မှုရရှိရေးအတွက် ကျိုးကြောင်းဆီလျော်သောနည်းလမ်းများဖြင့်သာ စစ်အင်အားအသုံးပြုကြရသည်။ ထို့ကြောင့် နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာခေါင်းဆောင်များသည် တိုင်းပြည်အတွက် အရေးပါသည့် နိုင်ငံရေးရည်မှန်းချက်များကို စဉ်းစားချင့်ချိန်ချမှတ်သွားရလေ့ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်၏ နိုင်ငံခြားရေးဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုများသည်ကြီးမားသောအရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ၁၉၄၅ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယားနှင့်အခြားသောနိုင်ငံများတွင် အမေရိကန်၏စစ်ဆင်ရေးများရှုံးနိမ့်ရခြင်းသည် အမေရိကန်၏ စစ်ရေးဆိုင်ရာ ဂုဏ်သိက္ခာအပြင် တရုတ်၊ ရုရှား၊ အီရန်၊ မြောက်ကိုရီးယားကဲ့သို့သော အမေရိကန်၏ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင် ဟန့်တားနိုင်စွမ်းအသင့်ဖြစ်မှုအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်လျက်ရှိသည်။

**အာဖဂန်နစ္စတန်တွင် ကျရှုံးခဲ့မှု**

အယ်ကေဒါနှင့် တာလီဘန်အဖွဲ့တို့သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်သည် အမေရိကန်၏ပစ်မှတ်ဖြစ်လာခဲ့သည်။ လက်တစ်ဆုပ်စာ အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၊ CIA အရာရှိများ၊ ဒေသတွင်း မဟာမိတ်များနှင့် အမေရိကန်လေတပ်တို့သည် ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ တာလီဘန်နှင့် အယ်ကေဒါတို့၏ ခြေကုပ်များကို ချေမှုန်းတိုက်ခိုက်ခဲ့သည်။

၂၀၀၂ ခုနှစ် နွေဦးရာသီထိ ဘင်လာဒင်ကို ဖမ်းဆီးနိုင်စွမ်းမရှိခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့များသည် 9/11 အကြမ်းဖက်ကွန်ရက်များကို ဟန့်တားနိုင်ခဲ့သည်ဟုဆိုခဲ့သည်။ အမေရိကန်တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်တွင် နှစ် ၂၀ ခန့်တပ်စွဲပြီး လူ၊ လက်နက်၊ ငွေကြေးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထို့နောက် အာဖဂန်နစ္စတန်မှ ဒရောသောပါး ဆုတ်ခွာခဲ့ရသည်။ ခြုံကြည့်လိုက်လျှင် အာဖဂန်နစ္စတန်တွင် အမေရိကန်ဒေါ်လာများစွာနှင့် လူ၊ လက်နက်များ ဆုံးရှုံးခဲ့ပြီး အမေရိကန်တို့ အရှက်တကွဲ အကျိုးနည်းခဲ့ရသည်။

**အီရတ်တွင် မိုက်မဲခဲ့မှုများ**

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ဆက်ဒမ်ဟူစိန်သည် အစုလိုက်အပြုံလိုက် သေစေနိုင်သောလက်နက် (WMD)များ ထုတ်လုပ်လျက်ရှိသည့်အပြင် အယ်ကေဒါနှင့်လည်း မိတ်ဖက်ဖွဲ့စည်းလျက်ရှိကြောင်း ပြောဆိုကာ အီရတ်နိုင်ငံကိုစစ်ဆင်နွှဲခဲ့သည်။ အမေရိကန်တို့ စစ်ဆင်နွှဲပြီးချိန်၌ ဘုရှ်အစိုးရအဖွဲ့က ဆက်ဒန်ဟူစိန်အပေါ် လုပ်ဆောင်ခဲ့သည့်စွပ်စွဲချက်များသည် လုံးဝမှားယွင်းပြီး ချဲ့ကားပြောဆိုမှုများဖြစ်ကြောင်း ပေါ်လွင်လာခဲ့သည်။ စင်စစ်အားဖြင့် ဘုရှ်အစိုးရအဖွဲ့သည် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချနိုင်ရန်အတွက် အရှေ့အလယ်ပိုင်းဒေသတွင် WMD လက်နက်များပျံ့နှံ့လာနိုင်မှုနှင့် အယ်ကေဒါတို့ကြီးစိုးမှု အဆုံးသတ်ရေးဟုဆိုသော အကြောင်းပြချက်ဖြင့် အီရတ်တွင် စစ်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

အီရတ်စစ်ပွဲကို အမေရိကန်၏ မဟာဗျူဟာမြောက် မှားယွင်းမှုအဖြစ် ကမ္ဘာကြီးက ရှုမြင်ခဲ့သည်။ အမေရိကန်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြင့် အီရတ်နိုင်ငံကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အီရတ်တွင် အသေခံအကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သဖြင့် အမေရိကန်တို့ ဒရောသောပါး ဆုတ်ခွာခဲ့ရပြန်သည်။ လက်ရှိအချိန်ထိ အီရတ်တပ်ဖွဲ့များသည် အကြမ်းဖက်တိုက်ခိုက်သူများကို နှိမ်နင်းနိုင်စွမ်းမရှိသေးပေ။ အီရတ်တွင် အာဏာရှင်အစိုးရဖြုတ်ချပြီး ဒီမိုကရေစီထွန်းကားရေးဆိုသော ရည်ရွယ်ချက်သည် လက်တွေ့အကောင်ထည်ဖော်နိုင်စွမ်း မရှိသည့်အပြင် အမေရိကန်တို့သည် ISIS ကိုပင်လျှင် အမြစ်ပြတ်ချေမှုန်းနိုင်စွမ်းမရှိဘဲ အီရတ်မှ ဆုတ်ခွာခဲ့ရသည်။

**ယူကရိန်းတွင် မပြတ်သားမှုများ**

အရှေ့အလယ်ပိုင်းရှိ စစ်ပွဲများတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော အမေရိကန်တို့သည် အရှုံးပေါ်နေသော ၎င်း၏လက်နက်စက်ရုံများမှ စစ်လက်နက်ပစ္စည်းများကို ယူကရိန်းနိုင်ငံသို့ တင်ပို့ခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းအရေး စတင်ဖြစ်ပွားပြီးနောက် အမေရိကန်သည် စစ်လက်နက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ယူကရိန်းသို့ အလုံးအရင်းဖြင့် တင်ပို့ခဲ့သည်။

အမေရိကန်၏ရည်မှန်းချက်သည် ၂၀၂၂ ခုနှစ်တွင် NATO မဟာမိတ်နိုင်ငံများနှင့်ပူးပေါင်း၍ ယူကရိန်းအနောက်ပိုင်းသို့ ချီတက်လာသည့် ရုရှားတပ်ဖွဲ့များကို ခုခံတိုက်ခိုက်သွားရန်ပင်ဖြစ်သည်။ အမေရိကန်အနေဖြင့် ရုရှားနိုင်ငံ အင်အားချည့်နဲ့စေရန်နှင့် ခရိုင်းမီးယားဒေသ ပြန်လည်ရရှိရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ယူကရိန်းနိုင်ငံကို ငွေကြေးနှင့် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးပေးလျက်ရှိသော်လည်း လက်တွေ့တွင်မူ ၎င်းတို့မျှော်မှန်းသလိုဖြစ်မလာခဲ့ပေ။

အနောက်နိုင်ငံများမှ ခေါင်းဆောင်များသည် ရုရှားသမ္မတ ပူတင်ကို ဖြုတ်ချသွားရန်နှင့် ရုရှားနိုင်ငံကို အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားရန်ပင်ဖြစ်သည်။ အမှန်တော့ အမေရိကန်တို့အနေဖြင့် မိမိကိုယ်ကို လှည့်စားနေခြင်းသာဖြစ်ပြီး ယူကရိန်းနိုင်ငံကိုလည်း မဖြစ်နိုင်သောစိတ်ကူးအိပ်မက်များ မက်ခိုင်းကာ မိမိကိုယ်ကို သေကြောင်းကြံစည်ခိုင်းသလိုဖြစ်နေသည်။

အမေရိကန်၏ မှားယွင်းသောမဟာဗျူဟာများကြောင့် ယူကရိန်းတို့သည် မိမိနိုင်ငံကို ကိုယ်တိုင်ဖျက်ဆီးသလိုဖြစ်နေသည့်အပြင် NATO မဟာမိတ်များ၏ ဘဏ္ဍာငွေနှင့် လက်နက်များဖြင့် ရုရှားနိုင်ငံကို ပြန်လည်တိုက်ခိုက်နိုင်လိမ့်မည်ဟု ယုံကြည်ယူဆလျက်ရှိသည်။ အမှန်တော့ ယူကရိန်းနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော အဖြစ်အပျက်များသည် ပကတိအခြေအနေမှန်များနှင့် ကင်းကွာလျက်ရှိသည်။

ပထဝီနိုင်ငံရေးအရ အမေရိကန်နှင့်နီးကပ်သည့် ဆက်ဆံရေးရှိသော ယူကရိန်းတို့သည် လှည့်စားခံရပြီးနောက် ဆင်ကန်းတောတိုးစစ်ပွဲဆင်နွှဲလျက်ရှိရာ လက်တွေ့တွင်မူ နျူကလီးယားတပ်ဆင်ထားသော ရုရှားနိုင်ငံကို ယှဉ်ပြိုင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ စင်စစ်အားဖြင့် အနောက်နိုင်ငံများသည်ပင်လျှင် ကျယ်ပြန့်လာသောစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှု မရှိသေးပေ။

လက်ရှိအချိန်တွင် ဒေါ်နယ်ထရန့်သာ အမေရိကန်သမ္မတ တာဝန်ထမ်းဆောင်နေမည်ဆိုလျှင် ရုရှား-ယူကရိန်းပဋိပက္ခကို ရှောင်ရှားသွားနိုင်ဖွယ်ရာရှိနေသည်။ ဆိုရလျှင် အမေရိကန်သည်ပင်လျှင် မိမိ၏ ပကတိအခြေအနေမှန်ကိုမသိဘဲ ယူကရိန်းအရေးကို စတင်ခဲ့ခြင်းဖြစ်သည်။ အမှန်တော့ လက်ရှိပဋိပက္ခသည် ယူကရိန်းလူငယ်များ၏ အသက်၊ သွေး၊ ချွေးများစွာပေးဆပ်နေရပြီး နောက်ဆုံးတွင် အမေရိကန်လူငယ်များ၏ အသက်၊ သွေး၊ ချွေးများသည်ပင်လျှင် ပေးဆပ်သွားရဖွယ်ရှိနေသည်။

ဆိုရလျှင် အမေရိကန်အုပ်ချုပ်သူလူတန်းစားများသည် မဟာဗျူဟာအဆင့်၌ အမှားအယွင်းများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံခြားရေးမူဝါဒ အမှားအယွင်းများကြောင့် ကမ္ဘာ့အခင်းအကျင်းတွင် အမေရိကန်၏ရပ်တည်ချက်သည် လက်ရှိအချိန်၌ အောက်ဆုံးအဆင့်သို့ ရောက်ရှိနေသည်။ အမေရိကန်၏ ပါဝါကျဆင်းလာမှုနှင့် ကမ္ဘာတစ်ဝန်း စစ်မီးရှို့မှုလုပ်ရပ်များသည် လက်ရှိအချိန်တွင် ရွေးချယ်စရာမရှိသည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည်။

အမေရိကန်အနေဖြင့် ယူကရိန်းအရေးမှရုန်းထွက်နိုင်လျှင်သော်လည်းကောင်း သို့မဟုတ် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံကို ချေမှုန်းနိုင်လျှင်သော်လည်းကောင်း NATO မဟာမိတ်အဖွဲ့အနေဖြင့် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားနိုင်ပေသည်။ ထို့နောက် ဥရောပတွင် အမေရိကန်၏ မဟာဗျူဟာမြောက် ရပ်တည်ချက်မှာလည်း အဆုံးသတ်သွားပြီး ကမ္ဘာ့အခင်းအကျင်းသစ်လည်း ထွက်ပေါ်လာကာ အမေရိကန်ကိုဆန့်ကျင်သည့် နိုင်ငံပေါင်းစုံပါဝင်သောအဖွဲ့အစည်းများ ဖြစ်ပေါ်လာနိုင်ပေသည်။

အမှန်တော့ အမေရိကန်တို့အနေဖြင့် အတွေးအခေါ်ကို ရှေ့တန်းတင်သည်ထက် မဟာဗျူဟာကိုသာ အာရုံစိုက်ဆောင်ရွက်သွားမည်ဆိုလျှင် ဆိုခဲ့ပါက်ကြမ္မာဆိုးမျိုးကို ရှောင်လွှဲသွားနိုင်မည်ဖြစ်သည်။ အမေရိကန်တို့အနေဖြင့် စစ်မှန်သော ကမ္ဘာ့အခင်းအကျင်းသစ်သို့ ပြန်လာခဲ့သည့်တိုင်အောင် ကျရှုံးမှုများနှင့် ပေးဆပ်မှုများရှိနေမည်ဖြစ်ပေသည်။

**ကိုးကား**

- **America's strategy of failure comes to Ukraine by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မိုးကုတ်မြို့နယ် ပြောင်ခေါင်းလေးကျေးရွာ၌ ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကုတ် ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြောင်ခေါင်းလေးကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work (CFW) စီမံကိန်းဖြင့် ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ အင်ဂျင်နီယာတာဝန်ခံနှင့် ဝန်ထမ်းများက လမ်းကော်မတီဝင်များနှင့်အတူ ပြောင်ခေါင်းလေးကျေးရွာ၌ ရွာတွင်းလမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်စိုးက ကတ္တရာလမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်းရန် မှာကြားသည်။

ပြောင်ခေါင်းလေးကျေးရွာ၌ ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work (CFW) စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှုကြောင့် ပြောင်ခေါင်းလေးကျေးရွာရှိ အိမ်ခြေ ၄၈ အိမ်၊ လူ ၁၇၇ ဦးအတွက် ရာသီမရွေး သွားလာမှုအဆင်ပြေတော့မည်ဖြစ်ကြောင်း မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# National Defence and Security Council of Republic of Union of Myanmar holds meeting 1/2023



Senior General Min Aung Hlaing explains the latest developments of the country at the NDSC meeting.

**Nay Pyi Taw February 1**

The National Defence and Security Council (NDSC) of the Republic of Union of Myanmar held the meeting 1/2023 at the meeting hall of the State Administration Council Chairman's Office here yesterday morning.

Present were Pro Tem President U Myint Swe, Speaker of Pyithu Hluttaw U Khun Ti Myat, Commander-in-Chief of Defence Services Senior General Min Aung Hlaing, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence General Mya Tun Oo, Union Minister for Home Affairs Lt-Gen Soe Htut, Union Minister for Foreign Affairs U Wunna Maung Lwin, Union Minister for Border Affairs Lt-Gen Tun Tun Naung, and SAC Secretary Lt-Gen Aung Lin Dway, SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Legal Affairs Attorney-General Dr Thida Oo, who were specially invited participants. Vice-President U Henry Van Thio asked for a leave of absence from the meeting.

As regards the two-year State service of the SAC, the Senior General said the SAC government has to assume the State duties due to the vote rigging committed by the then government that took over the State responsibility during the second term during the 2020 multiparty general election. The Tatmadaw had informed the concerned persons about the issue time and again for the steadfastness of the country's multiparty democracy which was at its initial stage. According to the official voter list issued by the former Union Election Commission during the 2020 general election there were 38,271,447 (over 38.27 million) eligible voters. But the Tatmadaw could transparently and firmly prove and announce with solid evidence that 10,482,116 (over 10.48 million) were the result of voter fraud. This number exceeded one fourth of the population of eligible voters. Further investigation revealed that it was an unusual error and an arguable issue; it was a conspiracy. Vote rigging in the parliamentary elections is a horrible case no country can accept. Hence a third party was required to investigate the case. According to the Constitution and political history, the institution that has the duty to check, warn and inform any issue in the country is the Tatmadaw. Vote rigging is a common case in the elections held throughout the world. In fact, such problems must be solved and taken action by the government in office and officials and UEC in all seriousness. But in Myanmar, the case was ignored not only by officials concerned, but also by the UEC. As the section 4 of the Constitution states **"The Sovereign power of the Union is derived from the citizens and is in force in the entire country"**: sections 6 (d) and 7 call for **flourishing of a genuine, disciplined multi-party democratic system**; section 6 (f) states **"enabling the Defence Services to be able to participate in the National political leadership role of the State"**; and section 20 (f) states **"The Defence Services is mainly responsible for safeguarding the Constitution"** the Tatmadaw has the duty to investigate the case.

The problem was not solved in a proper way, instead, officials and organizations at all levels brushed aside their responsibility and accountability and tried to convene the parliament by force with 15 agendas including the taking of oath by the MPs and the election of Pyithu Hluttaw speaker and deputy speaker. This action amounted to grabbing the State power through forceful means as stated in the sections 40 (c) and 417. According to sections 62, 63 and 64 of the Constitution, as U Win Myint was an elected MP, a member serving party duties and a person facing legal action he no longer has the right to act as the president. In order to address the vote rigging case in accordance with the law, Pro Tem President U Myint Swe of Republic of Union of Myanmar convened the NDCS meeting and declared a State of emergency in accord with the section 417 of the 2008 Constitution. Thanks to the agreement of the dignitaries present at the meeting, the legislative, executive and judicial duties and powers of the State were transferred to the Commander-in-Chief of Defence Services in accord with section 418 (a) of the Constitution.

The then government and officials instead of addressing the election problem were making complete denials. If they were innocent, they must prove that evidence and lists of vote rigging issued by the Tatmadaw were wrong. In order to prove their innocence, voter lists must be rechecked, but they dared not do so. Their voter lists and number of yes votes were incorrect statistically and practically. In inspecting the voter lists, the Tatmadaw exposed the vote rigging problem transparently and firmly based on objective conditions. But they had no courage to prove that their's was correct and that of Tatmadaw was wrong. They were ignoring their responsibility and accountability and making complete denials as a party that committed vote rigging would have no future political role when the results of inspection came out. According to the then situation, all the NDSC meeting attendees agreed to transfer the State duties to the Commander-in-Chief of Defence Services term wise as per the Constitution. The latest developments in implementing the five-point roadmap adopted by the current government will be presented.

In accord with the point **"The Union Election Commission will be reconstituted and its mandated tasks, including the scrutiny of voter lists, shall be implemented in accordance with the law"** SAC reconstituted a new UEC and mandated its tasks.

Led by the teams of UEC, officials of the relevant townships and party officials inspected the voting process and ballots at every polling station from 17 February to 4 July 2021 and investigated the vote rigging and unlawful acts.

A total of 11,305,390 cases (over 11.3 million) of vote rigging including over 4,869,423 (over 4.86 million) cast votes in the 2020 multiparty general election without NRC, FRC and neutralized citizenship certificate, and 259,405 cast votes for three and above times with a single NRC were exposed.

If the calculation is based on the 2014 census, the estimated population of 18 and above after six years on 1 October 2020 should be 34,350,155 (over 34.35 million). The figure issued by the UEC for the 2020 election was 38,271,447 (over 38.27 million). Originally, the population difference was nearly four million. Census is a nation-wide task. The figure would include adults who were ineligible for voting according to section 392 of Constitution. For example members of the religious order, those who are serving prison terms. If such persons were included, the degree of voter lists difference would become wider.

Directives to vote without NRC and to designate a yes vote with stamps without UEC seal as valid votes and erroneous voter lists found at the polling stations are not accidental, but intentional. Violation of laws and rules through various means were found. The situation of polling stations was in disarray.

Abuse of power by the NLD in the different levels of election functions was found. **NLD chair Daw Aung San Suu Kyi after obtaining political power told the media on 5-11-2015 that she would be above the president. According to her words and actions she was even giving orders and assignments to the president who was the head of State according to the 2008 Constitution. Hence, the NLD is fully responsible for vote rigging in the 2020 election. Such interferences were the frauds committed by the NLD chair by abusing power and position. U Win Myint also participated in the fraud as the president. It is a valuable lesson for the country.**

**During the 2020 election Daw Aung San Suu Kyi and former president U Win Myint exerted pressures on UEC directly and indirectly.** Thus, UEC had to abuse its rights and powers to act against the law and rules. The current government has to take effective action against former president U Win Myint, Union level officials, former chief ministers, and UEC officials for their involvement in election fraud. The government's aim is to protect the democracy path from facing any black mark. The government had to hand down severe punishments as their acts amount to committing terrorism against persons that are not siding with them.

In her canvassing speech officially aired throughout the whole country from MRTV on 17 September 2020, the NLD chair said, **"The country's election does not meet democracy standards. People can stand in the election only 75 percent of the seats as the remaining 25 percent is reserved for Tatmadaw. Hence, the NLD needs to overcome the 25% barrier to form a new government. NLD needs to win 67% of the seats as it can stand for the election for only 75%. NLD needs ardent support to secure a clear victory in all the constituencies it takes part in."**

In this regard, some constituencies where the NLD was likely to lose were canceled. The result was that some ethnic organizations lost their voting rights. The canceled townships were the places where support from ethnic parties was significantly strong. Another result was that the act might lead to the breakup of the Union in the future and weaken national solidarity. According to the Constitution, the general election is held every five years in the whole nation simultaneously. Pyithu Hluttaw, Amyotha Hluttaw and Region/State Hluttaws were formed with elected representatives and Tatmadaw member representatives. The said bodies elected heads of government from chief ministers to the president of the State. Hence, general elections must be held in all regions and states at the same time. It is not a step by step process. The election will be successful if the meetings can be successfully held at the hluttaws.

It will not be fair if the election can be held only in towns. Elections must be held also in villages where 70% of the country's population lives. There should be a favourable condition for the parties and candidates to launch canvassing campaigns in the respective areas.

Correctness of basic voter list plays a key role in the election. A total of 4,869,427 people (over 4.8 million) without CSC cast votes in the 2020 election. During the period of 5 May 2021 to 3 January 2023, the Pankhinn project was implemented to issue citizenship scrutiny cards to all citizens. So, there remain issuance of CSC to 1,134,363 people (over 1.13 million) of 3,491,364 people (over 3.4 million), most of whom reside in Kayin, Chin and Shan (North) states and Sagaing Region. It is necessary to issue CSC to remaining citizens. If so, they will be free from loss of citizen rights. All eligible voters must have any ID and they must have rights to vote of their own accord without intimidation and coercion. Such votes must be correct voice from them. Voting or not-voting depends on wish of the people and the government is responsible for arranging them to cast votes.

In implementing the point **"effective measures will be taken with added momentum to prevent an manage the impact of Covid-19"**, laboratory tests were conducted for 9,938,023 persons (over 9.93 million) *See Page 13*

***From Page 12***

from 23 March 2020 to 31 January 2023, leaving 633,819 positive cases (more than 630,000) and 19,491 dead persons (more than 19,000), accounting for 3.08 per cent.

The term of this government was time of disease infection in high season. In the third and fourth weeks of July 2021, positive patient number hit 5,000 per day, (41 per cent). The Senior General led the central committee virtual meetings for 13 times with region and state chief ministers to fulfill the needs. The deputy prime minister also led the meetings three times a week to coordinate measures. In order to control infection and death in the third wave of the disease, 1,674 hospitals and treatment centres were opened.

The Senior General recounted that he adopted a policy that practically do in a rapid process, and nothing is important than human life. Officials performed prevention, control and treatment of the disease day and night in various ways and means. The government built 216 oxygen plants whereas private sector set up 271 plants, totalling 487 for public healthcare. Thanks to efforts of the government, positive cases and dead rate quickly declined. Likewise, thanks to contributions of the Myanmar people, preventive equipment, medicines, oxygen and foodstuffs were donated. Neighbouring countries China and Thailand also provided oxygen cylinders. So, the disease could be controlled well.

There were 1,077 hospitals and 11,427 dispensaries, totalling 12,505 in the country. Due to political situations, 765 hospitals and 7,430 dispensaries, totalling 8,195 (65.53 per cent) were only run during the high season of infection. The Ministry of Health had appointed 103,214 health staff across the nation, 54,722 of whom served the duties. Among 48,492 absent persons in duties, 47,254 persons committed CDM activities. They left their workplaces due to wrong political outlook and instigations. Their vacancies were filled with military medical staff for providing healthcare services to the people at military hospitals. Military medical staff were transferred to the Ministry of Health and other relevant ministries due to work demand. They cooperate with dutiful health staff. Retired health staff and retired military medical staff participated in the heathcare services. So, their contributions were much remarkable in battling the pandemic. It was a result of civil and military relations.

With regard to vaccination against Covid-19, a total of 31,013,972 people out of 31,668,791 estimated population above 18 have been vaccinated from 17 January 2022 to 22 January 2023, accounting for 98 per cent of coverage. Moreover, 6,810,173 people (more than 6.81 million) of 9,277,798 people (more than 9.27 million) between aged 5 and 18 have been vaccinated for first time, accounting for 73 per cent of coverage.

As for point 3 "Actions will be taken to ensure the speedy recovery of businesses from the impact of Covid-19", Myanmar faced bad impacts of Covid-19 similar to global countries. As from 2018, the economic and management weakness pushed the State economy into the downtrend and the infection of Covid-19 also pulled down the State economy as well. The country imported a large amount of goods without income of foreign exchange, causing trade deficiency. The income from non-trade was spent on import of goods. Due to prioritizing imports without encouraging domestic manufacturing, many weaknesses emerged.

Myanmar grasped 7.26 per cent of GDP rate in the first democatic government term with US$12.097 billion of trade deficit and US$11.63 billion foreign investment. In the 2016-17 FY of the the second term of the government, GDP rate reached 5.8 per cent 2017-18 FY 6.4 per cent six-month mini budget fo 2018, 6.5 per cent, 2018-19 FY 6.8 per cent, 2019-20 FY 3.2 per cent, 2020-21 (six months) -8.4 per cent. Average GDP increase rate reached 3.38 per cent and its trade deficit hit US$12,614.17 million (more than US$12.61 billion). Actual inflow of foreign investment reached US$14,961.3 million (more than US$14.96 billion). As such, the country faced a large amount of trade deficit, causing serious situations of the nation.

In the second term of the democratic government, the country packed the burden of local and foreign loans. During the period, ex-state counsellor Daw Aung San Suu Kyi committed nine cases of bribes including bribes from the Yangon Region Chief Minister, causing more than US$4 million loss and more than K49,206 million, ex-president U Win Myint five cases, to lose US$4,088,090 and more than K23,048 million, eight NLD CEC members, 20 region and state chief ministers and former ministers, causing loss of US$13,109,908 (more than US$13 million) and US$351,903,974,631.85 (more than K361 billion) for the State. These were cases in investigation at the courts. These were based on abusing the authority and bribe cases. And, the country lagged development behind regional countries.

During the term of this government, international community imposed sanctions on the country, and it does not have deserved development due to local economic situations and foreign instigation. Due to political situations, the country did not have loans and cash assistance. The loans and cash assistance given in the previous government period were suspended.

Aids from UN and its agencies were also suspended. GDP rate from October to September 2020-21 FY stood at -5.9 per cent. During the six-month period from October to March in 2021-22 FY, GDP rate reached 2.4 per cent increase. At the estimation from April to March of 2022-23 FY, GDP rate increased to 3.2 per cent. Efforts were made to increase the GDP rate from minus to plus situations.

The current government does not prioritize import goods and encourage domestic manufacturing in enhancing the local economy. MSME business is a main driving force to economic development and improvement of domestic manufacturing of the nation. MSME business is based on manufacturing, trading, service and others. In this regard, manufacturing process is a basic matter. Prioritizing the agriculture, livestock and production based on underground and aboveground resources aims to produce import substitute as well as increase of export volume so as to earn foreign exchange.

In implementing the point **"emphasis will be placed on achieving enduring peace for the entire nation in line with the agreement set out in the Nationwide Ceasefire Agreement", the governments in successive eras are restoring peace in various ways and means. The current government is implementing the peace process and emphasizes peace tasks in line with the NCA. The government and the Tatmadaw accept that peace and tranquility are important for development of the nation. So, the Tatmadaw issued the statements on ceasefire and perpetual peace on 21 December 2018. In addition to the one year period in 2022, the ceasefire period was recently extended for the whole 2023. A total of 22 statements have been issued for extension of ceasefire as part of emphasizing the peace process.**

The Senior General recounted that he himself invited leaders of ethnic armed organizations on 22 April 2022 to hold peace talks in order to practically implement the peace process. Seven NCA signatory EAOs and three non-signatory EAOs, totalling 10 replied to hold the peace talks and it reached the third time.

In the meetings, **both sides transparently discussed exercising the genuine multiparty democratic system, demands of EAOs, and things deserved for the regions and the State.** Such meetings brought the positive results based on a wider scope of knowledge for the sake of the Union, agreements on parts 1, 2 and 3 of the Union Accord, and remaining points for table-2 to be discussed in the part 3, and they could sign the agreements.

**The government will continue to follow the peace path based on the 2008 constitution and NCA for continuing practical peace measures. When it comes to national races, efforts are being made to achieve eternal peace by discarding doubts among the national races as national unity is crucial in the political field of the State. We have to march towards of the goal of a peaceful union, socio-economic progress and lasting peace aspired by the entire people while seeking solutions through meetings and negotiations. The organizations involved in the peace process and stakeholders need to speed up the implementation of the process in a practical manner. And that means we are doing our best to maintain the NCA.**

Regarding the fifth point stated in the five-point road map **"upon accomplishing the provisions of the state of emergency, free and fair multiparty democratic elections will be held in line with the 2008 Constitution, and further work will be undertaken to hand over State duties to the winning party in accordance with democratic standards"**, our government had to declare the state of emergency following the problem of vote rigging. So upon completion of measures in accord with the emergency provisions, we have already aimed to hold a free and fair multi-party democracy general election again. A free and fair election plays an important role in promoting disciplined multi-party democracy. Our government is taking preparatory measures step by step to ensure basic and complete facts and data for the upcoming election.

A pilot project on on-ground population data collection to have complete voter lists for the election began in August 2022. Under the leadership of the Union Election Commission, the Ministry of Immigration and Population and ward/village administrative bodies are still in the process of scrutiny with population list form 66/6 and population list (General-1 A). On-ground checks are very important to have correct voter lists.

Representation, the essence of democracy, depends on electoral system. The current FPTP (First Past the Post) system is the advantage for a winning party, but a loss to other parties. Therefore, our government is planning to adopt an electoral system that ensures representatives of the national people, ethnic regions and all classes enter the parliament, an official political stage of our country. Eighty eight parties participated in the 2020 general election, and only 19 had the chance to serve as Hluttaw representatives. Two persons were elected independent representatives. Reviewing the situation, our country has a lot of political parties. But there are very few parties that can represent the people. Actually, political parties need to try for their supporters to be united and strong to be able to represent them. Despite having a lot of parties, there are very few that have the chance to enter the parliament. Party members can work for just a few groups of parties. If a group is small, organizational work cannot be largely done in terms of area, quantity or field. So, all parties need to organize more strongly and systematically. This is why the political party registration law has been amended and enacted. The Union Election Commission is planning to adopt PR (Proportional Representation) by rounding up the districts/ townships in the regions/states. The adoption of that system will guarantee that the national races including small tribal groups will be able to get involved in the legislative and executive sectors proportionately and fairly.

Since practicing multi-party democracy, our country has held three general elections. There are 330 townships. The general election was held in 325 townships in 2010, 323 in 2015 and 315 in 2020. Under the governments supposed to be promoting democracy, we witnessed that the effort to seek public desire had become weaker, and we should be aware of this.

In holding elections also, there must not be threats, cohesions, unfair persuasions or gang bullying over the desire of individual citizens.

Our government is striving to ensure that election is held in all parts of the country and that all citizens are protected against injustice. We need to continue the preparations and tasks by relevant organizations to be able to hold the election all across the country. Meanwhile, we are striving for smooth and secure transport, the rule of law and peace and stability to successfully hold a free and transparent election. The political parties for their part must conduct reforms to adapt themselves to the electoral system we will adopt. There are also other tasks such as preparations and practical work for educating the people about a new electoral system. Our government has placed emphasis on doing these tasks.

Next, the Commander-in-Chief of Defence Services said he wanted to present matters related to tasks for security, peace and stability and election process. He said the Tatmadaw had to take over State duties in accord with the Pro Tem President's emergency provision of the constitution (2008) on February 1. For this, there have been a lot of political exploitations. At that time, we explained to the Hluttaw representatives staying at Nay Pyi Taw Sibin Guesthouse the current political situations so that the problem could be solved in line with the law and they could participate in national unity and nation building tasks. They were then sent to their respective regions from 2 to 4 February. Those with no right to serve as Hluttaw representatives illegally established the Committee Representing Pyidaungsu Hluttaw (CRPH) on 5 February 2021, National Unity Government (NUG) on 16 April 2021 and People's Defense Force (PDF) on 5 May 2021. At the same time, People's Administration Body and People's Defence Force were intentionally formed. Afterwards, former Hluttaw representatives led sending trainees to the KIA, KNU and KNPP's controlled areas for doing terrorism courses. A letter encouraging the people emerged based on the NLD chairperson's message. The letter was shown as real proof with the name of an NLD official U Win Htein who recognized it at risk of his life. The letter reads "The people are urged not to accept the coup by the Tatmadaw at all." Those supposed to be working on the promotion of democracy encouraged those who could not understanding Tatmadaw's duties at all to take the wrong road by taking up arms and creating riots. These were all well planned. They had to right to solve the problem in accord with the law. But choosing the violent way amounted to jeopardizing democracy. This is a terrible black spot in Myanmar's democratic system. Our people are easy to be infuriated so they are vulnerable to instigations. Although there were mass protests in 2021, better understanding of the country's situations led to significantly reduced numbers. However, with direct or indirect assistance from some EAOs and foreign countries, PDFs are still making terrorist attacks, planting mines and committing arsons and killings. From 1 February 2021 to 25 January 2023, 4,917 pieces of State and private property were damaged or destroyed; there were 19,444 terror attacks—8,527 handmade bomb attacks, 9,686 attacks and 1,231 arson attacks--; 17,697 assorted arms and 1,382,667 assorted ammunition including 27,213 homemade mines /bombs were seized; 5,433 people were killed and 4,577 others injured including civil servants, administrative officials, monks and children; there were 1,021 bomb attacks on roads, 137 attacks on bridges, 23 attacks on power towers and 365 attacks on communication towers; there were 58 arson attacks on roads, 12 attacks on bridges, two attacks on power towers and 132 attacks on communication towers; and there were killings of 70 monks, two nuns, 66 education staff and 14 health staff totalling 152.

Despite decreasing violent cases in the whole year of 2022, the number of deaths and injuries was high. On-ground works started on 9 January 2023 for correct voter lists and ***See Page 14***

*From Page 13*

it was found that the extent of loss and damage and deaths and injuries became large. According to the reports from respective regions and states, there are 198 townships with 100% peace and tranquility, 67 townships needed to be prioritized in terms of security and 65 townships needing effective security measures. Peace cannot prevail in a city or town alone. That concerns all regions from rural areas to towns. EAOs are somewhat behind terrorist acts. **PDFs are found to be different from EAOs when looking at thier acts. Without considering the interests of thier own regions and people, they in sync with unscrupulous people involved in vote rigging are committing acts such as incinerating villages, killing innocent civilians by accusing them of being informants, and extorting money. Consequently, we are still far away from community peace and stability.** All the attendees here should take notice of that.

It is a main and important point that the basic voter list in the election is to be accurate and correct. It is necessary to have a strong and accurate population and census. As the population and census collected in 2014 has been 10 years long, it is still necessary to conduct the collection of population and housing census. Besides, in the past, censuses were collected every 10 years in Myanmar in the time of the British Government. Collecting the census began in 1872 and it was conducted every 10 years starting from 1881 until 1941. After independence, the government conducted a census in three phases from `1953 to 1955. In that project, collecting the census could cover only 30 percent of the country. Although it was postponed to continue in 1961 for the remaining 70 percent, it could be done. In 1972, Myanmar Census Law was enacted and the census was collected from April 1 to 5 in 1973. For the second time, the census collection was conducted from April 1 to 5 in 1983. It is necessary to conduct a census every 10 years. In the current situation, due to the unconfirmed number of citizens who went abroad and violence acts, it is still difficult to confirm the census. The census that is basic for the voter list is also necessary to be correct. As the census is collected every 10 years, conducting a census collection is a compulsory process to be carried out. If carried out, there will be no loss of democracy rights of the brothers and sisters of ethnic peoples.

In the forthcoming election, efforts will be made to ensure at least no smaller number of townships and less stability and peace of situation than that in the 2010 Election and to hold it as early as possible. In holding the election, it is necessary to be free from unfairness such as threats, coercion, injustice, exhortation, and bullying with crowds in order to freely express the wishes of each citizen in some areas. Only if there is original and normal stability and peace and time, could the general election be held without any gaps across the nation. To do so, it is a situation that the government must certainly carry out measures to ensure secure and smooth transportation, rule of law, and stability and peace. Vote or no vote is up to an individual wish. To be able to vote is a duty of the government. Our government will be carrying out tasks to hold the election without any gaps across the nation in order that all the citizens will not lose their democracy rights. Every citizen who will vote will be able to come to the polling booth to freely vote according to their wish.

The Tatmadaw will always be the guardian to the interests of the State and the people in any era or any government assuming that only the people are the mother and the father. We all have to work together in the remaining situations. The entire people are also urged to work together with us. As stability and peace of the nation is mainly important to be able to hold the election, there are many tasks to be continued to do according to my report mentioned above. Time is needed to complete those tasks. It will be necessary for organizations concerned to work together with the current government. Over the two years we have been taking the responsibilities, we have been honesty working for the State and the people with a good attention looking forward to the plans that will benefit political, economic and social affairs of the nation for long-term period and I am sincerely submitting this report to you so that all the situation happening in the country will be assessed and known.

Then, regarding the report by the Commander-in-Chief of Defence Services, members of the National Defence and Security Council held discussions and submitted their reports. Firstly, Speaker of Pyithu Hluttaw U T Khun Myat expressed thanks for submitting the report on future tasks of the State Administration Council. He said that regarding the tasks remain to be done, considering Section 425 of the Constitution, it will be more complete if the remark of the Constitutional Tribunal of the Union is obtained.

Afterwards, the Deputy Commander-in-Chief of Defence Services submitted his report. In his report, He said he wanted to discuss the last point of future tasks, that is to hold the free and fair election when matters on the state of emergency have been carried out. The State Administration Council started to take the responsibilities of the State because of electoral fraud. It is to act so that such mistakes will not happen again to be able to hold the free and fair election. Therefore, the Prime Minister gave an assignment to me to carry out a preliminary examination. What is found first is that there are 51 million people who have registered for national registration cards. When examining that list of registration, it was found that there are people who have repeated registration and those who are not sure about living within the country. Therefore, after scrutinizing those points, the acquired computerized lists must be checked with the situation on the ground. In that situation, opposite organizations and some terrorist groups are taking acts of disruption, making threats and doing destructive acts. Their acts are of much disruption to measures being taken for the correct voter list. Personnel and volunteers were disturbed, shot and killed when conducting collection of housing census. The census that is collected every 10 years is the list essentially important for the nation. It is much helpful to the sustainable development projects of the nation as well as voter lists and the election. To have a free and fair election, it is necessary to have voting rights in each constituency and correct voter lists. In taking measures according to the current security situation, it is seen that terrorist acts have been conducted since 2021. We are holding peace talks with EAOs and have held talks with 10 groups for peace and signed matters on discussion. He said he assumed that some time is needed to ensure correct voter lists, end terrorist acts in the areas where the terrorists are left moving and ensure that people could freely vote individually.

Then, the Union Minister for Defence joined the discussion and submitted his report saying difficulties on terrorist acts and COVID-19 outbreak were addressed. In the previous government, the nation's GDP fell by minus 5 and efforts were made to recover that state of the economy over the last two years. When doing so, saboteurs taking the act of destroying the nation have still been so far. They are still the element causing disruption to holding the free and fair election. It is mainly to collect the census to have an accurate and correct voter list. He supported that some time is still needed to take those tasks without any disturbance.

Afterwards, the Union Minister for Home Affairs submitted his report saying the Tatmadaw took the responsibilities of the State due to electoral fraud regarding security, stability and peace and rule of law. After the State Administration Council took the responsibilities, protests with violence, destruction and killings occurred through protests. At the present time, despite no protests involving violence, there are still terrorist acts. In the current situation, terrorists are taking acts of violence, killings and destroying in order that the election could not be held. To operate the administrative mechanism, ward and village administrators remain to be appointed in some areas. According to the situation as reported above, so-called NUG, CRPH and PDF terrorists, in the pre-election period, are taking acts of blasting and torching election commission offices, population and immigration offices and political parties' offices , threatening and killing political party members and Hluttaw candidates, killing ward administrators and their team members. To instill fear among the people, they could kill more people who do not agree with them by accusing informers. From the point of view on security, stability and peace and rule of law, some time is needed to some extent to gradually end the movement of terrorist groups.

Later, the Union Minister for Foreign Affairs submitted his report. He said that it is importantly necessary for the nation to be able to hold a free and fair election. In the previous election, it was found that there was no unfairness including electoral fraud. In doing such a thing, it was for one party system and dictatorship-style long-ruling of one person. To take measures for ensuring stability and peace, he said that the State Administration Council needs to take some time.

Then, the union minister for border affairs said the sabotage of terrorists so-called the CRPH, the NUG and their proxy PDF during the assumption of duties by the SAC has been reported together with statistics. Although sabotage acts have dropped at present, it can be seen that violence has persisted in some areas and violence is committed intentionally to disrupt the general election. It can be seen that such circumstances are not not conducive to holding the free and fair election, one of the most important goals of the future tasks and it is necessary to allot a certain period of time to restore stability and to carry out tasks for the election. Therefore, all participants are urged to discuss the allocation of a certain period of time necessary to carry out the tasks in accordance with the constitution.

Afterwards, the Senior General made supplementary discussions, saying the general election must be held without fail as the SAC is required to pursue the multi-party democracy system opted by the people. As the 2008 constitution is the constitution approved by 92.48 percent of the people including defence services personnel and is a firm guarantee for adoption of the multi-party democracy system, all citizens are responsible for implementation of it. The Tatmadaw is responsible for safeguarding the constitution, implementation of the multi-party democracy system and holding the general election without fail. Measures must be taken to compile correct statistics, to hold a free and fair election and to prevent voting under threats, intimidation and pressure and it is necessary to hold elections without any gap. Casting votes or not is the democratic right of the individual citizens and it is the responsibility of the government to enable the people to cast votes. Under the constitution, more than 50 percent of representatives are required to attend the opening sessions of the Pyithu Hluttaw, the Amyotha Hluttaw and State or Regional Hluttaws. Therefore, it is necessary to hold elections in more than 50 percent of constituencies in states and regions without fail. Only then, will the election be successful and more than 50 percent of representatives be able to attend the opening sessions of the respective Hluttaws. As a general election that is held in a greater percentage of constituencies is an honourable one and the previous general election was a dishonourable one, measures must be taken to hold an honourable general election that meets the characteristics of an election again. While EAOs and terrorists so-called the PDF have been attempting to disrupt the general election, some countries are talking against the general election and friendly countries are supporting it. It is necessary to think about why terrorists so-called the CRPH, the NUG and their proxy PDF want the general election not to take place. They are trying to disrupt the general election as they know they will wither away spontaneously when elected representatives take office after the general election. Some EAOs have responded that they have no plans to hold talks with the government over the peace process. However, all 10 EAOs that are in talks with the government have supported the multi-party democracy system and the union based on democracy and federal system.

The Senior General said that only by coordinating the information in the NCA with the ethnic groups and holding the election, the entire country will be covered by the democratic system. A certain amount of time must be given in order to be able to do so. According to the Political Parties Registration Law, political parties must be registered and candidates must register to participate in the election. After that, they will have to conduct election campaigns. The party that will compete nationwide must have offices in 165 townships out of 330 townships nationwide and must have 100,000 party members. According to reports, there are 108 townships that are 100 percent stable and peaceful. There are 67 townships that need to pay attention to security. There are 65 townships that must be effectively provided with security. Some rural areas are found to need more security. In some states, it is still necessary to continue to make efforts to achieve a situation where the election can be held in 50 percent of the areas. As representatives, they will not be able to carry out organizing activities. 70 percent of rural people must be able to vote. In order to do that, it will be found that it is necessary to ensure the country's stability and peace. If we look back at the law, according to Article 425 of the Constitution, it is normally possible to allow six months twice, but the current time is not a normal time, so I think it should be extended at least once every 6 months. After 6 months, the situation of the state will be presented again.

Then, Dr. Thida Oo, the Union Minister for Legal Affairs and Attorney General of the Union, who was specially invited, in discussing the legal aspect, said that Articles 410 to 432 of the 2008 Constitution, are emergency provisions. The main point of Article 425 is the provision that it can be extended twice up to 6 months if it is normal. When we look at the situations where the term "normal" is used as described in the Constitution, it is now an unusual situation. An unusual situation must be taken into account. When studying a law, it is discussed that the Letter of Law and the Spirit of Law must be looked at and the essence of the law must be looked at.

After that, Acting President U Myint Swe explained the Five-point Road Map, Nine Objectives, Two National Objectives and Two Political Objectives that the government has set for the national responsibilities during the 24 months (2 years) of the State Administration Council by the Commander-in-Chief of the Defence Services. First of all, I would like to say that I recognize that the government and the military have persevered despite the domestic and foreign obstacles and the difficulties and protected the national interest of the state, the "Three main national causes".

It is a strong institution called the Tatmadaw that came forward and defended whenever there were difficulties, crises and big dispute in the country. Due to the 2020 election frauds under the previous government, the State Administration Council government had to assume the responsibility of the state. In order to prevent the country from derailing its path to democracy, the Tatmadaw repeatedly tried to encourage discussion and negotiation to resolve

*See Page 15*

# The Republic of the Union of Myanmar
# The National Defence and Security Council
# Notification No. 1/2023
# 12th Waxing of Tabodwe, 1384 ME
## (1st February, 2023)

1. Meeting 1/2023 of the National Defence and Security Council of the Republic of the Union of Myanmar was held at 10.00 am on 31st January, 2023. At the meeting, Commander-in-Chief of Defence Services Senior General Min Aung Hlaing reported on the situation leading to the declaration of a state of emergency due to attempts to assume the state power unlawfully without settling disputes over irregularities in the 2020 general election by responsible officials, formation of a new union election commission and investigation into voters' lists and findings as a measure for implementation of the five future tasks of the State Administration Council, action taken against those who were responsible for the voting irregularities, application of direct and indirect pressures on the UEC by the chairperson of the NLD and the former president, issuance of national registration cards for compilation of correct voters' lists, prevention and treatment of and vaccination against COVID-19, measures taken for economic development, lasting peace and the general election, granting amnesty and remission to prisoners, combat against and seizure of narcotic drugs, conferring honorary titles and medals on those who served the interests of the state and country outstandingly, sabotage of terrorists so-called the CRPH, the NUG and their proxy PDF, deaths and injuries of innocent people and losses and damage of state-owned and private properties caused by terrorist acts of the CRPH, the NUG and their proxy PDF, attempts of the CRPH, the NUG and their proxy PDF by committing terrorist acts to seize the state power through violent and terrorist means and the security situation of states and regions.

2. Over the report of the Commander-in-Chief of Defence Services, members of the NDSC held discussions together. Members of the NDSC including the acting president, expressed their views that although the State Administration Council has been exerting efforts for stability and all-round development of the country, the CRPH, the NUG and their proxy PDF, which aim at the total destruction of the state, have murdered innocent people, blasted public places and intimidated the public with the use of arms to an extent that goes far beyond normal and they are still attempting to seize the state power through violent and terrorist means. Under such extraordinary circumstances, the Commander-in-Chief of Defence Services will be able to accomplish the assigned duties only when the duration of the state of emergency is extended and thus the duration of the state of emergency declared in the entire country has been extended by six months as of 1st February, 2023 in accordance with section 425 of the state constitution of the Republic of the Union of Myanmar.

3. The meeting was attended by Acting President U Myint Swe, Speaker of the Pyithu Hluttaw U T Khun Myat, Commander-in-Chief of Defence Services Senior General Min Aung Hlaing, Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win, Union Minister for Defence General Mya Tun Oo, Union Minister for Home Affairs Lt-Gen Soe Htut, Union Minister for Foreign Affairs U Wunna Maung Lwin, Union Minister for Border Affairs Lt-Gen Tun Tun Naung and those who were invited on the special occasion including Secretary Lt-Gen Aung Lin Dway and Joint Secretary Lt-Gen Ye Win Oo, Union Minister for Legal Affairs Union Attorney General Dr Thida Oo while Vice President U Henry Van Thio asked for a leave of absence on health grounds.

Sd/-

Myint Swe

Acting President

# Constitutional Tribunal of Union gives opinion that extension of duration of state of emergency in the entire country is constitutional

The Pro Tem president sought the opinion of the Constitutional Tribunal of the Union over whether measures taken in accordance with section 425 of the constitution and extension of the duration of the state of emergency declared in the entire country by a six month period each time by the National Defence and Security Council in accordance with section 425 of the constitution as of 1st February, 2023 were in conformity with the constitution as the current situation is not ripe for the Commander-in-Chief of Defence Services to submit the report for accomplishment assigned duties in accordance with section 426 of the constitution and due to extraordinary circumstances. It was reported that the Constitutional Tribunal of the Union, after taking related terms of the constitution of the Republic of the Union of Myanmar into consideration, responded to the Pro Tem president on 31st January, 2023 that extension of the duration of the state of emergency declared in the entire country by a six month period each time by the National Defence and Security Council as of 1st February, 2023 in accordance with section 425 of the constitution is constitutional.

*From Page 14*

the organizations and individuals related to the election.

Today, the "State Administration Council Government" established by the Tatmadaw after declaring a political state of emergency in accordance with the Constitution, served the state duty as per the Constitution. During this period, it has been found that the conditions that should be taken to make the population census accurate as it is important to correct the basic voter list in the next election after the 2020 election's incorrect voter list, the situation in which the Commander-in-Chief of the Defence Services personally invited the leaders of ethnic armed organizations to meet and discuss the need for practical implementation of the country's peace, the government and the Tatmadaw always pay attention to the information in the contract and implement the conditions regarding the NCA. In addition, some EAOs cooperated with fraudsters in the election and chose to carry out terrorist activities in the country and it will also be seen that those areas has been far away from the stability and peace. Therefore, as the Tatmadaw has paid attention to the stability of the country and the peace of the community, the current situation of the country has become more stable than before, but domestic and foreign opposition organizations are using various methods to disrupt the country's peace and stability and disrupt the planned elections, said the Senior General.

In order to ensure that all ethnic brothers and sisters throughout the country do not lose their democratic rights, in the next election, a free and fair multi-party democratic general election can be held successfully everywhere and an electoral system in which all ethnic groups can be proportionally represented is being implemented. We will try our best not to reduce the number of constituencies in the general election held in 2010. To be able to do this, there is a need for safety, rules of law and stability. These points are inevitable processes. In order for that to happen, we will need to create them, said the Senior General.

According to the consensus decisions of all members of the National Defence and Security Council who attended today's meeting and in accordance with Article 425 of the Constitution, "The period during which the State of Emergency has been declared for the entire country has been extended for another 6 months from February 1, 2023" and according to Article 419 of the Constitution, all the responsibilities of the State have been handed over to the "Chairman of the State Administration Council and the Commander-in-Chief of the Defence Services". The "National Defence and Security Council" will also issue a statement.

It was reported that the meeting of the National Defence and Security Council (1/2023) of the Republic of the Union of Myanmar has been called off, saying that the Tatmadaw will protect the 2008 Constitution for the nation and the ethnic people and in the upcoming elections, everyone should participate in the process to ensure that every citizen has the right to vote freely according to their wishes. 100

### Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

**စာမျက်နှာ ၁၇ မှအဆက်**

Non Trade လုပ်ငန်းများမှ ရရှိသည့် ငွေကြေးများနှင့် သွင်းကုန်များတင်သွင်းခဲ့ပါကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပသွင်းကုန်များကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် အားနည်းချက်များ များစွာဖြစ်ပေါ်ခဲ့ပါကြောင်း။

ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် ပျမ်းမျှGDP တိုးတက်မှုနှုန်းသည် **၇ ဒသမ ၂၆** ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း အမေရိကန်ဒေါ်လာ **၁၂၀၉၆ ဒသမ ၈၈ သန်း(၁၂ ဒသမ ၀၉၇ ဘီလီယံနီး)**၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း (အမှန်ဝင်ရောက်မှု) အမေရိကန်ဒေါ်လာ **၁၁၆၂၈ ဒသမ ၁ သန်း(၁၁ ဒသမ ၆၃ ဘီလီယံနီး)** ရှိခဲ့ပါကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၈(ခြောက်လ)ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၂၀-၂၀၂၁(ခြောက်လ) ဘဏ္ဍာနှစ်တွင် (အနုတ်)၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည့်အတွက် ပျမ်းမျှ GDP တိုးတက်မှုနှုန်းသည် **၃ ဒသမ ၃၈** ရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေပေါင်း အမေရိကန်ဒေါ်လာ **၁၂၆၁၄ ဒသမ ၁၇ သန်း(၁၂ ဒသမ ၆၁ ဘီလီယံကျော်)**၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း (အမှန်ဝင်ရောက်မှု) အမေရိကန်ဒေါ်လာ **၁၄၉၆၁ ဒသမ ၃ သန်း (၁၄ ဒသမ ၉၆ ဘီလီယံကျော်)**ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်အလက်များအရ ကုန်သွယ်မှုလိုငွေ အများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီ ဒုတိယသက်တမ်းကာလတွင် ပြည်တွင်း၊ ပြည်ပချေးငွေများ များပြားမှုရှိခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အတိုင်ပင်ခံဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ တံစိုးလက်ဆောင်ရယူမှုများအပါအဝင် **အဂတိမှု ကိုးမှု** ကျူးလွန်ခဲ့သည့်အတွက်ကြောင့် အမေရိကန်ဒေါ်လာ **၄၁၀၆၃၁၆(လေးသန်းကျော်)နှင့် မြန်မာကျပ်ငွေ ၄၉၂၀၆၆၉၁၀၆၅ ဒသမ ၇၅ ကျပ် (၄၉၂၀၆ သန်းကျော်)**၊ သမ္မတဟောင်း ဦးဝင်းမြင့်မှ **အဂတိလိုက်စားမှု ငါးမှုဖြင့် အမေရိကန်ဒေါ်လာ ၄၀၈၈၀၉၀ နှင့်မြန်မာငွေကျပ် ၂၃၀၄၈၁၈၆၀၆၅ ဒသမ ၇၅ (၂၃၀၄၈ သန်းကျော်)**အပါအဝင် NLD ပါတီဝင် ဗဟိုအလုပ်မှုဆောင် ရှစ်ဦးပါတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ဝန်ကြီးဟောင်းများ ၂၀ ဦးပါတီဝင်မဟုတ်သည့် ပြည်ထောင်စုဝန်ကြီးဟောင်း လေးဦးပါတီဝင်မဟုတ်သည့် ဝန်ကြီးဟောင်း သုံးဦးတို့ကျူးလွန်ခဲ့သည့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်မှ ဆုံးရှုံးခဲ့မှုမှာ **အမေရိကန်ဒေါ်လာ၁၃၁၀၉၉၀၈(၁၃ သန်းကျော်)၊ မြန်မာကျပ်ငွေ ၃၆၁၉၀၃၉၇၄၆၁၃ ဒသမ၈၅(၃၆၁ ဘီလီယံကျော်)**ဆုံးရှုံးနစ်နာခဲ့သည်ကို တင်ပြလိုပါကြောင်း၊ ယင်းတို့သည် တရားရုံးအသီးသီးတို့၌ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့သည့် အမှုများအခြေအနေဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကိစ္စများကြောင့်သာမက မလျော်မကန်သည့် အာဏာသုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်၏ စီးပွားရေးသည်များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့မှုများရှိခဲ့ပြီး တိုင်းပြည်သည်လည်း တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်ပါက နောက်ကျကျန်ရစ်ခဲ့မှုများရှိခဲ့ပါကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကာလတွင် နိုင်ငံတကာ၏ ဝိုင်းဝန်းပိတ်ဆို့မှုများရှိသကဲ့သို့ ပြည်တွင်းစီးပွားရေးအခြေအနေများနှင့် ပြည်ပသွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ရသည်များရှိပါကြောင်း၊ နိုင်ငံရေးအခြေအနေများကြောင့် ချေးငွေ၊ ထောက်ပံ့ငွေများ ရရှိခဲ့ခြင်းမရှိကြောင်း၊ ယခင်အစိုးရလက်ထက်များ၌ ရရှိခဲ့သည့် ချေးငွေ၊ ထောက်ပံ့ငွေများလည်း ရပ်ဆိုင်းခြင်းခံရကြောင်း၊ ကုလသမဂ္ဂနှင့်အဖွဲ့အစည်းအသီးသီးတို့၏ ထောက်ပံ့မှုများကိုပင် ရပ်ဆိုင်းခြင်းခံခဲ့ရကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) GDPတိုးတက်မှုနှုန်းသည် **အနုတ် ၅ ဒသမ ၉၅ ဒသမ ၉)** ရာခိုင်နှုန်းရှိပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (ခြောက်လ)(အောက်တိုဘာလမှ မတ်လအထိ) **၂ ဒသမ ၄** ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ (ဧပြီလမှ မတ်လအထိ) **၃ ဒသမ ၂** ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သဖြင့် GDP တိုးတက်မှုနှုန်းသည် မြင့်တက်လာပါကြောင်း၊ GDP တိုးတက်မှုသည် **အနုတ် ၅ ဒသမ ၉** ရာခိုင်နှုန်းမှ အပေါင်းပြအောင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးမြှင့်တင်သည့်နေရာတွင် သွင်းကုန်ဦးစားမပေးဘဲလျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်း တိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်တိုးတက်မှုနှင့်ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများသည် အဓိကမောင်းနှင်အားတစ်ခုပင် ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိရာ၌ ကုန်ထုတ်လုပ်မှုကိုအခြေခံသည့်လုပ်ငန်းသည် လက်တွေ့ကျသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက် သယံဇာတများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ရည်မှန်းချက်ထားပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းစဉ်(၄)ပါ **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"**ဟူသည့် **အချက်အား ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နည်းလမ်းပေါင်းစုံဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးကြောင်းကို အလေးအနက်ခံယူထားရှိပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလသာမကဘဲ မကြာသေးမီအချိန်က ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်း တိုးမြှင့်ပေးထားခြင်းဖြစ်သည့်အတွက်ထုတ်ပြန်ခဲ့မှုပေါင်း ၂၂ ကြိမ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလေးပေး ဆောင်ရွက်ခဲ့မှုရှိကြောင်းကို တင်ပြလိုပါကြောင်း။**

မိမိတို့အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးလိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျဆွေးနွေးနိုင်ရေး မိမိအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ သုံးဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှတွေ့ဆုံဆွေးနွေးနိုင်ရေး အကြောင်းပြန်ကြားခဲ့ပြီး တတိယအကြိမ်ထိ ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် **စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့နှင့်ပတ်သက်သည်များ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်နှင့်ဖြစ်သင့်ဖြစ်ထိုက်သည်ကို ပွင့်လင်းမြင်သာစွာ အကျေအလည် ဆွေးနွေးခဲ့ကြပါကြောင်း၊** ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့်အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း (၃)ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်ဇယား (၂)ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးညှိနှိုင်းပြီး နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ **အစိုးရအနေဖြင့်လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်NCAကိုအခြေခံသည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံရေးအပိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှအရေးပါသည့်အတွက်ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားတည်ထောင်လျက်ရှိပါကြောင်း၊တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပါကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မိမိအနေဖြင့် NCA ကို အတတ်နိုင်ဆုံးထိန်းသိမ်း လုပ်ဆောင်ခြင်းဖြစ်ပါကြောင်းကို တင်ပြလိုပါကြောင်း။**

လုပ်ငန်းစဉ်(၅)ပါ **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟူသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် မိမိတို့အစိုးရအနေဖြင့် မဲစာရင်းများယွင်းမှုမှ ပြဿနာဖြစ်ပြီး နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းဖြစ်ပါကြောင်း၊ထို့ကြောင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး အစဉ်တစိုက် ဦးတည်ချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရွေးကောက်ပွဲတွင် အခြေခံအချက်အလက်များ ပြည့်စုံမှန်ကန်အောင်သက်ဆိုင်ရာဌာနများက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရွှေ့ပြောင်းလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်ပြင်ဆင်ခဲ့ပါကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကဦးစီးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ ပါဝင်သည့်အဖွဲ့တို့ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြိုတင်ပြုစုထားသည့် လူဦးရေစာရင်းပုံစံ ၆၆/၆ နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မြေပြင်၌ လက်ရှိနေထိုင်လျက်ရှိသည့် လူဦးရေစာရင်း (ထွေ-၁က)တို့ကို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုသည် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ဒီမိုကရေစီစနစ်၏ အခြေခံကျပြီး အနှစ်သာရလည်းဖြစ်သည့် ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်းသည် ရွေးကောက်ပွဲစနစ်အပေါ်တွင်သာ မူတည်နေပါကြောင်း၊ **လက်ရှိကျင့်သုံးနေသည့် များသူအနိုင်ယူစနစ်** FPTP(First Past the Post) စနစ်သည် မဲနိုင်သည့်ပါတီအတွက် အားသာချက်ဖြစ်သော်လည်း ကျန်ပါတီများအတွက် ကိုယ်စားပြုမှု နစ်နာဆုံးရှုံးသည့်သဘောကို တွေ့ရသဖြင့် **စာမျက်နှာ ၁၉ သို့**

**တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်ရန်နှင့် ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးရန်တာဝန်ရှိပြီး ရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် စာရင်းဇယားများမှန်ကန်ရန်၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်နှင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုနှင့် ဖိအားများကြောင့် မဲပေးရခြင်းများမရှိရန်လို၊ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန်လည်းလို . . .**

**စာမျက်နှာ ၁၈ မှအဆက်**

မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများနှင့် လူထုလူတန်းစားအသီးသီးကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်များ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲသို့ရောက်ရှိလာရေး မိမိတို့နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့်သင့်တော်မည့် ရွေးကောက်ပွဲစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါတီ ၈၈ ပါတီယှဉ်ပြိုင်ခဲ့ပြီး ၁၉ ပါတီသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါကြောင်း၊ နှစ်ဦး တစ်သီးပုဂ္ဂလအနေဖြင့် ရွေးချယ်ခံခဲ့ရပါကြောင်း၊ ယင်းအခြေအနေကိုသုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီများ များပြားနေပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှုသည် အားနည်းနေသည်ကိုတွေ့ရှိရပါကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများသည် မိမိကိုထောက်ခံသည့် ပြည်သူများ စုစုစည်းစည်းအင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရေးလိုအပ်ပါကြောင်း၊ပါတီများ များပြားသော်လည်း လွှတ်တော်တွင်ပါဝင်ခွင့်ရရှိသည့် ပါတီသည် နည်းပါးသည်ကိုတွေ့ရှိရပါကြောင်း၊ပါတီဝင်များအနေဖြင့် ပါတီအစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ယင်းအစုအဖွဲ့သည်ငယ်နေမည်ဆိုပါက ရေိယာအားဖြင့်၊အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့်ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမိုပြီးကျစ်လျစ်နိုင်မာစွာ၊ စည်းစနစ်ကျနစွာဖြင့် ထုထည်ဖြင့်ဖွဲ့စည်းနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊** တိုင်းဒေသကြီး၊ပြည်နယ်အတွင်းရှိ ခရိုင်၊မြို့နယ်များကို လိုအပ်သလိုစုစည်းကာ PR(Proportional Representation) စနစ်ကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်လျှင် လူမျိုးစုငယ်များ အပါအဝင် တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးစသည့်ကဏ္ဍများတွင် အချိုးကျပါဝင်လာနိုင်မည်ဖြစ်သဖြင့် ပိုမိုပြီးမျှမျှတတရှိလာမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့် ကာလကစပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတွင် မြို့နယ် **၃၃၀** မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် **၃၂၅** မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် **၃၂၃** မြို့နယ်နှင့်၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ **၃၁၅** မြို့နယ် တို့၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မည်ဟုသည့် အစိုးရများလက်ထက်တွင် ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီးနည်းပါးသွားသည်ကို သတိပြုဖွယ်တွေ့ရပါကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေးခြိမ်းခြောက်မှု၊

> **မဲစာရင်းမှန်ကန်ရန် အခြေခံဖြစ်သည့် သန်းခေါင်စာရင်းမှန်ကန်ရန်လည်း လိုအပ်မည်ဖြစ်၊ သန်းခေါင်စာရင်းသည် ၁၀ နှစ် တစ်ကြိမ် ကောက်ယူခြင်းဖြစ်သဖြင့် သန်းခေါင်စာရင်းကောက်ယူမှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ် ...**
>
> **မဲပေးခြင်း၊ မဲမပေးခြင်းသည် လူတစ်ဦးချင်းစီ၏ ဆန္ဒဖြစ်၊ မဲပေးနိုင်အောင်ဆောင်ရွက်နိုင်ရေးသည် အစိုးရ၏တာဝန်သာဖြစ် ...**

အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူ့အုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများ ကင်းဝေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအကြား အလပ်မရှိအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး၊မဲပေးကြမည့်နိုင်ငံသားအားလုံး မတရားမှုများမှကင်းဝေးစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံအနှံ့အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင်ပြင်ဆင်မှု၊ စီမံဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း မူလပကတိသာမန်အခြေအနေအချိန်အခါများအတိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း ရွေးကောက်ပွဲစနစ်နှင့် ဆီလျော်သည့်ပြုပြင်ပြောင်းလဲမှုများကိုပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူလူထုကိုလည်း ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်သည့်ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် ပြင်ဆင်ချိန်၊ လုပ်ဆောင်ချိန်စသည့်လုပ်ငန်းစဉ်များရှိပါသေးကြောင်း၊ ယင်းလုပ်ငန်းစဉ်များအပေါ် မိမိတို့အစိုးရအနေဖြင့်အလေးထားလုပ်ကိုင်ဆောင်ရွက်နေကြောင်းကို တင်ပြလိုပါကြောင်း။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **လုံခြုံရေး၊တည်ငြိမ်အေးချမ်းရေးနှင့် ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်ခြင်းဆိုင်ရာများတင်ပြလိုပါကြောင်း၊**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တပ်မတော်အနေဖြင့် ယာယီသမ္မတ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ အရေးပေါ်ကာလပြဋ္ဌာန်းချက်အရ တိုင်းပြည်၏ တာဝန်ကိုရယူထိန်းသိမ်းရခြင်းဖြစ်ပါကြောင်း၊ ယင်းအပေါ် နိုင်ငံရေးအသုံးချမှုများ များစွာရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်စည်ပင်ရိပ်သာတွင်ရှိနေသည့် ထိုစဉ်က ရွေးချယ်ခံလွှတ်တော်အမတ်များကို လက်ရှိနိုင်ငံရေးဖြစ်စဉ်အပေါ် တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေရန် ရှင်းလင်းပြောပြပြီးနောက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်ထိ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်မရှိသူများက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် **"ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)"** အမည်ဖြင့် တရားမဝင်ကော်မတီအားလည်းကောင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၁၆ ရက်တွင် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ" (National Unity Government-NUG)** အမည်ဖြင့် တရားမဝင်အစိုးရကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် မေ ၅ ရက်တွင် **ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People's Defense Force-PDF)** အဖြစ် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းကိုလည်းကောင်းဖွဲ့စည်းခဲ့ပါကြောင်း၊ တစ်ချိန်တည်း၌ပင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့(ပအဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)စသည့်အဖွဲ့များကို ရည်ရွယ်ချက်ရှိရှိဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းပြီးသည့်နောက်တွင် တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများဖြစ်သည့် KIA၊ KNU နှင့် KNPPနယ်မြေများတွင် အကြမ်းဖက်သင်တန်းတက်ရောက်ရန်အတွက် NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းများဦးစီး၍ စေလွှတ်သွားရောက်ခဲ့ပါကြောင်း၊ NLD ပါတီဥက္ကဋ္ဌ၏ ပြည်သူသို့ပန်ကြားချက်ကို NLD ပါတီက တာဝန်ရှိသူတစ်ဦးဖြစ်သည့် **ဦးဝင်းထိန်၏ နာမည်ဖြင့်** ၎င်း၏အသက်နှင့်ရင်းကာ တိုင်တည်ဝံ့ပါကြောင်းဖြင့် ပြည်သူကိုလှုံ့ဆော်သည့် စာတစ်စောင်ထွက်ပေါ်လာပါကြောင်း၊ **"တပ်မတော်မှ အာဏာသိမ်းခြင်းကို ပြည်သူလူထုအနေဖြင့် လုံးဝလက်မခံဘဲ တစ်ခဲနက်ဆန့်ကျင်တုံ့ပြန်ကြပါရန် တိုက်တွန်းလိုက်ပါကြောင်း"** ဟူသည်ကိုကြည့်ပါက တိုင်းပြည်ကို ဒီမိုကရေစီထွန်းကားအောင် ဆောင်ရွက်မည်ဟူသည့်သူများသည် NLD ထောက်ခံသူများ၊ တပ်မတော်မှ တာဝန်ယူထိန်းသိမ်းခြင်းကို လုံးဝသဘောမပေါက်သည့်သူများကို လက်နက်စွဲကိုင်ဆူပူလုပ်ဆောင်လာစေရန် လမ်းမှားသို့တွန်းပို့သည်ကို တွေ့ရပါကြောင်း၊ ယင်းတို့သည် ကြိုတင်ပြင်ဆင်မှုများသာဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော အခြေအနေ အကြောင်းအရာများကြောင့် မိမိတို့နိုင်ငံတွင် အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပေါ်လာရခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန်အခွင့်အရေးရှိပါကြောင်း၊ ယင်းကို ရင်မဆိုင်ရဲဘဲ အကြမ်းဖက်လမ်းကြောင်းပေါ်ကိုရွေးချယ်ခဲ့ခြင်းသည် ဒီမိုကရေစီအား ဖျက်ဆီးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသည် မြန်မာနိုင်ငံဒီမိုကရေစီစနစ်၏ဆိုးရွားသည့် အမည်းစက်ပင်ဖြစ်ပါကြောင်း၊ မိမိတို့လူမျိုးသည် သွေးဆူလွယ်သည့်သူများဖြစ်ပြီး အားနည်းချက်များရှိသည့်အတွက် လှုံ့ဆော်မှုများတွင် နားယောင်လွယ်ကြပါကြောင်း၊ သို့သော် အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်လာကြသည့်အခါတွင် ၂၀၂၁ ခုနှစ်၌ ကြီးမားသည့်ဆန္ဒပြမှုများဖြစ်ပေါ်လာသော်လည်း နှောင်းပိုင်းကာလမှစ၍ ဆူပူဆန္ဒပြမှုများ လျော့ကျသွားပြီး ၂၀၂၂ ခုနှစ်တွင် သိသိသာသာလျော့နည်းသွားခဲ့ပါကြောင်း၊ သို့သော် EAO များနှင့် ပြည်ပနိုင်ငံအချို့က တိုက်ရိုက်၊ သွယ်ဝိုက်အကူအညီထောက်ပံ့မှုများဖြင့် PDF အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမီးရှို့မှု၊ လူသတ်မှုများ ရှိနေပါသေးကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ **ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ တစ်နိုင်ငံလုံး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ၄၉၁၇ ခု ပျက်စီးဆုံးရှုံးခဲ့ပြီး** တစ်နိုင်ငံလုံး လက်ပစ်ဗုံး၊ လက်လုပ်ဗုံးဖြင့်ပစ်ခတ်ခံရမှု **၈၅၂၇** ကြိမ်၊တိုက်ခိုက်ခံရမှု **၉၆၈၆** ကြိမ်၊ မီးရှို့မှု **၁၂၃၁** ကြိမ်၊ စုစုပေါင်းအကြမ်းဖက်မှု **၁၉၄၄၄** ကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊လက်နက်မျိုးစုံ **၁၇၆၉၇** လက်၊ လက်လုပ်မိုင်း၊ ဗုံး **၂၇၂၁၃** လုံးအပါအဝင် ခဲယမ်းမျိုးစုံ **၁၃၈၂၆၇** တောင့် သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဟန်းသံဃာ၊ ကလေးသူငယ်၊ အရပ်သားအပါအဝင် စုစုပေါင်း သေဆုံး **၅၄၄၃** ဦးနှင့် ဒဏ်ရာရ **၄၅၇၇** ဦးရှိပါကြောင်း၊ ဗုံးဖောက်ခွဲမှုအနေဖြင့် ကားလမ်း **၁၀၂၁** ကြိမ်၊ ရထားလမ်း **၆၆** ကြိမ်၊တံတား **၁၃၇**ကြိမ်၊လျှပ်စစ်တာဝါတိုင် **၂၃** ကြိမ်နှင့် ဆက်သွယ်ရေးတာဝါတိုင် **၃၆၅** ကြိမ်၊ မီးရှို့ဖျက်ဆီးမှုအနေဖြင့် ကားလမ်း **၅၈** ကြိမ်၊ တံတား **၁၂** ကြိမ်၊ လျှပ်စစ်တာဝါတိုင် **နှစ်**ကြိမ်နှင့် ဆက်သွယ်ရေးတာဝါတိုင် **၁၃၂** ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် သံဃာအပါး **၇၀**၊ သီလရှင် **နှစ်**ပါး၊ ပညာရေးဝန်ထမ်း **၆၆** ဦးနှင့် ကျန်းမာရေးဝန်ထမ်း **၁၄** ဦး စုစုပေါင်း **၁၅၂** ဦး သေဆုံးမှုများရှိခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် တစ်နှစ်တာလုံးတွင် အကြမ်းဖက်မှုဖြစ်စဉ်အကြိမ်အရေအတွက် လျော့နည်းလာသော်လည်း သေဆုံး၊ ဒဏ်ရာရမှုများလာပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစတင်၍ မဲစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံး၊ ဒဏ်ရာရမှုများပိုမိုများပြားလာခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ တင်ပြချက်များအရ ၁၀၀ ရာခိုင်နှုန်း တည်ငြိမ်အေးချမ်းသည့် မြို့နယ် **၁၉၈** မြို့နယ်၊ လုံခြုံရေးအလေးထားဆောင်ရွက်ရမည့် မြို့နယ် **၆၇** မြို့နယ်၊ လုံခြုံရေး ထိထိရောက်ရောက်ဆောင်ရွက်ပေးရန်လိုအပ်သည့် မြို့နယ် **၆၅** မြို့နယ်ရှိကြောင်းကို သိရှိရပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုဟူသည် မြို့ပေါ်တစ်ခုတည်း မရပါကြောင်း၊ ကျေးလက်ဒေသ၊ မြို့နယ်အဆင့်ထိအကျုံးဝင်ပါကြောင်း၊အကြမ်းဖက်မှုဖြစ်စဉ်များ၏ နောက်ကွယ်တွင် တချို့သော EAO များသည် ထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိပါကြောင်း၊ **PDF များသည် တိုင်းရင်းသား EAO များနှင့်မတူသည်ကို ၎င်းတို့လုပ်ရပ်ကိုကြည့်ပါက တွေ့ရပါကြောင်း၊၎င်းတို့ဒေသနှင့် လူမျိုးအတွက်ကို မကြည့်ဘဲ မဲမသမာမှုပြုသူများနှင့်ပူးပေါင်းပြီး ရွာများကိုမီးရှို့ဖျက်ဆီးခြင်း၊ဒလန်ဟူ၍စွပ်စွဲပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ ပစ္စည်းများကို လုယက်ခြင်း၊ ဆက်ကြေးတောင်းခြင်းတို့ကို လုပ်ဆောင်နေပါကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးကိုသာကြည့်ပြီး ၎င်းတို့ဒေသနှင့် လူမျိုးအကျိုးကိုဂရုမစိုက်ဘဲ လုပ်ဆောင်နေသောကြောင့် ယခုအချိန်အထိ နယ်မြေတည်ငြိမ်အေးချမ်းမှုများနှင့် ဝေးကွာနေရခြင်း**ဖြစ်ကြောင်း တက်ရောက်လာသည့်အဖွဲ့ဝင်များ သတိပြုနိုင်ရန်တင်ပြလိုပါကြောင်း။

ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းမှန်ကန်ရေးသည် အဓိကကျသည့်အခြေခံအချက်ပင်ဖြစ်ပါကြောင်း၊ လူဦးရေစာရင်းတိကျခိုင်မာရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် လူဦးရေနှင့်သန်းခေါင်စာရင်းသည် ၁၀ နှစ်နီးပါးခန့်ကြာပြီဖြစ်သဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကောက်ယူရန် လိုအပ်နေသေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခင်က မြန်မာနိုင်ငံတွင်ပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်းသည် အင်္ဂလိပ်အစိုးရလက်ထက်၌ ၁၀ နှစ် တစ်ကြိမ် ကောက်ယူခဲ့ပြီး ၁၈၇၂ ခုနှစ်က စတင်ခဲ့ပါကြောင်း၊ ၁၈၈၁ ခုနှစ်မှစ၍ ၁၀ နှစ် တစ်ကြိမ် ၁၉၄၁ ခုနှစ်ထိ ကောက်ယူခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးချိန် အစိုးရမှ ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်ထိ အဆင့်သုံးဆင့်ဖြင့်ကောက်ယူခဲ့ပါကြောင်း၊ ထိုကောက်ယူမှုသည် နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းသာ ကောက်ယူနိုင်ခဲ့ပြီး ကျန် ၇၀ ရာခိုင်နှုန်းအတွက် ၁၉၆၁ ခုနှစ်တွင် ကောက်ယူရန် ရွှေ့ဆိုင်းခဲ့သော်လည်း မဆောင်ရွက်နိုင်ခဲ့ဘဲရှိခဲ့ရာ ၁၉၇၂ ခုနှစ်တွင် မြန်မာနိုင်ငံသန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၇၃ ခုနှစ် ဧပြီ ၁ ရက်မှ ၅ ရက်ထိ ကောက်ယူခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ၁၉၈၃ ခုနှစ် ဧပြီ ၁ ရက်မှ ၅ ရက်ထိ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းများကို ၁၀ နှစ် တစ်ကြိမ် ကောက်ယူရန်လိုပါကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်ပသို့ထွက်ခွာသွားသည့် အတည်မပြုနိုင်သေးသည့်

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

နိုင်ငံသားအရေအတွက်နှင့် အကြမ်းဖက်မှုများကြောင့် လူဦးရေစာရင်းသည် အတည်ပြုရန်ခက်ခဲနေဆဲဖြစ်ပါကြောင်း၊ မဲစာရင်းမှန်ကန်ရန်အခြေခံဖြစ်သည့် သန်းခေါင်စာရင်းမှန်ကန်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊သန်းခေါင်စာရင်းသည် ၁၀ နှစ်တစ်ကြိမ် ကောက်ယူခြင်းဖြစ်သဖြင့် သန်းခေါင်စာရင်း ကောက်ယူမှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒီမိုကရေစီအခွင့်အရေးများဆုံးရှုံးနိုင်မှု မရှိတော့မည်လည်းဖြစ်ပါကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် အနည်းဆုံး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်ခဲ့သည့် မြို့နယ်အရေအတွက်နှင့်တည်ငြိမ်အေးချမ်းမှုအခြေအနေများထက် မလျော့ပါးအောင်၊ အစောဆုံးဖြစ်အောင်အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ရွေးကောက်ပွဲကျင်းပရာတွင်လည်း အချို့နယ်မြေများတွင် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေးခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများကင်းဝေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊တည်ငြိမ်အေးချမ်းသည့် မူလပကတိအခြေအနေ၊ အချိန်ကာလရှိမှသာ တစ်နိုင်ငံလုံးအကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်ဆိုပါက လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေးသည် အစိုးရက မလွဲမသွေလုပ်ဆောင်ရမည့် အခြေအနေဖြစ်ပါကြောင်း၊ **မဲပေးခြင်း၊ မဲမပေးခြင်းသည် လူတစ်ဦးချင်းစီ၏ ဆန္ဒဖြစ်ပါကြောင်း၊ မဲပေးနိုင်အောင်ဆောင်ရွက်နိုင်ရေးသည် အစိုးရ၏ တာဝန်သာဖြစ်ပါကြောင်း၊** မိမိတို့အစိုးရအနေဖြင့် နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးမဆုံးရှုံးရလေအောင် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မဲပေးကြမည့် နိုင်ငံသားတိုင်းလည်း **မိမိတို့တစ်ဦးချင်း၏ ဆန္ဒအတိုင်း မဲရုံများသို့ လာရောက်ပြီး လွတ်လပ်စွာ ဆန္ဒမဲပေးခွင့်ကို နေရာအနှံ့ ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း။**

တပ်မတော်အနေဖြင့် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ **ပြည်သူ့သားအမိ၊ ပြည်သူ့သားအဖ**ဟု ခံယူပြီး နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ(Guardian) အနေဖြင့် အစဉ်အမြဲဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အခြေအနေတွင် မိမိတို့အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီပေးရန် ပန်ကြားလိုပါကြောင်း၊ ရွေးကောက်ပွဲပြုလုပ်နိုင်ရေး နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရေးသည်လည်း အဓိကအရေးကြီးသည့်အတွက် အထက်ပါ မိမိအစီရင်ခံချက်များအရ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများရှိပါကြောင်း၊ ယင်းတို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အချိန်လိုအပ်ပါကြောင်း၊ လက်ရှိအစိုးရနှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ရိုးသားဖြောင့်မတ်စွာဖြင့် စိတ်စေတနာကောင်းစွာ လုပ်ဆောင်ခဲ့ကြသကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးကိစ္စရပ်များတွင် ရေရှည်အကျိုးရှိစေမည့် အစီအမံဆောင်ရွက်ချက်များကိုသာ ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေအရပ်ရပ်ကိုသုံးသပ်သိရှိနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ လုပ်ဆောင်မှုကို ရှင်းလင်းတင်ပြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကျန်ရှိမှုနှင့်ပတ်သက်၍ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သည့် ပုဒ်မ ၄၂၅ အားသုံးသပ်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသဘောထားမှတ်ချက်ကိုလည်း ရယူပါက ပိုမိုပြည့်စုံမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းတင်ပြရာတွင် ရှေ့လုပ်ငန်းစဉ်နောက်ဆုံးအချက်ဖြစ်သည့် အရေးပေါ်ကာလပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပြီးချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်ကိစ္စရပ်နှင့်ပတ်သက်ပြီး ဆွေးနွေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စတင်တာဝန်ယူခဲ့ရခြင်းမှာ မဲမသမာမှုကိစ္စကြောင့်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ယခုကဲ့သို့သော အမှားများ ထပ်မံမဖြစ်ပွားအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိကိုတာဝန်ပေး၍ ပဏာမစစ်ဆေးခြင်းများ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ပထမဆုံးတွေ့ရှိချက်အနေဖြင့် ၁၉၄၈ ခုနှစ် နောက်ပိုင်း အမျိုးသားမှတ်ပုံတင်ကတ်ပေးထားမှုများကို စစ်ဆေးရာတွင် မှတ်ပုံတင်ထားသူပေါင်း ၅၁ သန်းကျော်ရှိကြောင်း၊ အဆိုပါမှတ်ပုံတင်စာရင်းများကို စစ်ဆေးခဲ့ချိန်တွင် ထပ်နေသူများ၊ နိုင်ငံအတွင်းနေထိုင်မှု ရှိ/မရှိ မသေချာသောသူများလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို စိစစ်ပြီးပါက ဒုတိယအဆင့်အနေဖြင့်ရရှိလာသည့် ကွန်ပျူတာစာရင်းများကိုမြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ အဆိုပါအခြေအနေအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အချို့အကြမ်းဖက်အဖွဲ့များက နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ဖျက်ဆီးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် တစ်ဦးချင်းမဲစာရင်းမှန်ကန်ရေးဆောင်ရွက်နေမှုကိုများစွာအနှောင့်အယှက်ဖြစ်စေလျက်ရှိကြောင်း၊ ပုံစံ ၆၆/၆ ကိုကောက်ယူချိန်တွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို နှောင့်ယှက်ပစ်ခတ်သတ်ဖြတ်ခြင်းများရှိကြောင်း၊ ၁၀ နှစ်တစ်ကြိမ်ကျင်းပသည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်အတွက် မရှိမဖြစ်အရေးကြီးလိုအပ်သည့်စာရင်းဖြစ်ကြောင်း၊နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အထောက်အကူပြုနိုင်သကဲ့သို့ မဲစာရင်းများနှင့် ရွေးကောက်ပွဲအတွက်လည်း များစွာ အထောက်အကူပြုနိုင်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲကြီးဖြစ်ရန်၊တစ်ဦးချင်းမဲဆန္ဒနယ်အလိုက် မဲပေးပိုင်ခွင့်များရှိနိုင်ရန်၊ မှန်ကန်သည့် မဲစာရင်းများရရှိစေရန် ဆောင်ရွက်ရန် လိုအပ်နေကြောင်း၊ လက်ရှိလုံခြုံရေးအရ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကြမ်းဖက်မှုများကို ၂၀၂၂ ခုနှစ်မှစ၍ လုပ်ဆောင်လာကြကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ပြီး လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေး ဆောင်ရွက်ရန်၊ အကြမ်းဖက်များ ကျန်ရှိနေသည့် နေရာများတွင် အကြမ်းဖက်မှုများချုပ်ငြိမ်းသွားရန်၊မဲပေးရာတွင် တစ်ဦးချင်းလွတ်လပ်စွာဖြင့်ဆောင်ရွက်နိုင်ရန် အချိန်ကာလတစ်ခုအထိလိုအပ်နေသေးသည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်မှုနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခက်အခဲများကို ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းမှုယခင်အစိုးရလက်ထက် GDP အနုတ်ငါးရာခိုင်နှုန်းထိကျဆင်းခဲ့မှုကို ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းတွင် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိစဉ် နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေသည့် အဖျက်သမားများသည်လည်း ယခုအချိန်ထိရှိနေဆဲဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်နေဆဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် လူဦးရေစာရင်းကောက်ယူရေးသည် အဓိကကျကြောင်း၊ အဆိုပါကိစ္စရပ်များ အနှောင့်အယှက်ကင်းကင်းဖြင့် ဆောင်ရွက်နိုင်ရန်နှင့်အချိန်ကာလတစ်ခု လိုအပ်နေဆဲဖြစ်သည်ကို ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မဲမသမာမှုကြောင့် တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူပြီးနောက်ပိုင်း ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု၊အကြမ်းဖက်မှုနှင့်ဖျက်ဆီးသတ်ဖြတ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများမရှိတော့သော်လည်းအကြမ်းဖက်မှုများရှိနေဆဲဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ရွေးကောက်ပွဲပြုလုပ်နိုင်ခြင်းမရှိစေရန် အကြမ်းဖက်သမားများက အကြမ်းဖက်နှောင့်ယှက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ အုပ်ချုပ်မှုယန္တရားများ လည်ပတ်နိုင်ရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အချို့နေရာများတွင် ခန့်အပ်ရန်ကျန်ရှိနေသေးကြောင်း၊ မိမိတင်ပြခဲ့သည့်အထက်ပါအခြေအနေများအရ NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လာမည့်ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲကော်မရှင်ရုံးများ၊လဝကရုံးများနှင့်နိုင်ငံရေးပါတီရုံးများကိုမီးရှို့မိုင်းထောင်ဖောက်ခွဲခြင်း၊ နိုင်ငံရေးပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်းများ၊ အုပ်ချုပ်မှုယန္တရားများမလည်ပတ်နိုင်စေရန်အတွက် ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ကြံသတ်ဖြတ်ခြင်းများရှိသကဲ့သို့ ပြည်သူများအကြားအကြောက်တရားဖြင့်လွှမ်းမိုးနိုင်ရန်အတွက် ၎င်းတို့နှင့် အယူအဆမတူသည့်သူများကို ဒလန်ဟုစွပ်စွဲပြီး လုပ်ကြံသတ်ဖြတ်မှုများကို လုပ်ဆောင်လာနိုင်ပါကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှုထောင့်အရကြည့်ရမည်ဆိုပါက အကြမ်းဖက်အုပ်စုများ တဖြည်းဖြည်းချုပ်ငြိမ်းသွားသည့် အခြေအနေအထိ လုပ်ဆောင်သွားရန် အချိန်အတိုင်းအတာတစ်ခုထိ လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးလိုအပ်ချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများအပါအဝင် တရားမျှတမှုများမရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တစ်ပါတီစနစ်၊တစ်ဦးတစ်ယောက်တည်းမှ အာဏာရှင်ပုံစံဖြင့် သက်ဆိုးရှည်စွာအုပ်ချုပ်နိုင်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုများကိုဆောင်ရွက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချိန်ယူဆောင်ရွက်ရန်လိုအပ်သည်ကို မိမိအနေဖြင့် ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ထမ်းဆောင်နေစဉ်အတွင်း အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်မှုများကို စာရင်းဇယားများနှင့်တကွ တွေ့ရှိရပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် အကြမ်းဖက်မှုများ လျော့နည်းလာပြီဖြစ်သော်လည်း အချို့သောနေရာဒေသများတွင်ရှိနေဆဲဖြစ်ပြီး ရွေးကောက်ပွဲကိုပျက်စီးအောင် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်နေခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ယင်းအခြေအနေသည် ရှေ့လုပ်ငန်းစဉ်တွင် အရေးကြီးဆုံးအချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရန် သင့်တော်ခြင်းမရှိသေးသည့် အခြေအနေဖြစ်သည်ကိုတွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ရွေးကောက်ပွဲအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပြီးပြည့်စုံအောင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့်အချိန်ကာလတစ်ခုကို အခြေခံဥပဒေနှင့်အညီဖြစ်စေရေး အားလုံးဆွေးနွေးသတ်မှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့်

**မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းသည် လျင်မြန်စွာ ကျဆင်းလာသည်ကို တွေ့ရှိရမည်ဖြစ်...**

**အစိုးရအနေဖြင့် လက်တွေ့ကျသည့်ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် NCAကို အခြေခံသည့်ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်...**

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေလျှောက်လှမ်းရမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲကို မဖြစ်မနေလုပ်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)သည် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုထားသည့် အခြေခံဥပဒေဖြစ်ပြီး မိမိတို့တပ်မတော်သားများလည်း မဲပေးခဲ့ကြောင်း၊ ၎င်းသည်ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် ခိုင်မာသည့်အာမခံချက်တစ်ခုဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်ရန်နှင့် ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ဆောင်ပေးရန်တာဝန်ရှိပြီး ရွေးကောက်ပွဲကိုမဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် စာရင်းဇယားများမှန်ကန်ရန်၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်နှင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုနှင့် ဖိအားများကြောင့် မဲပေးရခြင်းများမရှိရန်လိုကြောင်း၊ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန်လည်းလိုကြောင်း၊ မဲပေးခြင်း၊မပေးခြင်းသည် ပြည်သူတစ်ဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိအောင်ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေအရကြည့်မည်ဆိုပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့သည် ပထမဦးဆုံးစတင်ကျင်းပသည့်နေ့တွင် အစည်းအဝေးတက်ရောက်သူ ၅၀ ရာခိုင်နှုန်းနှင့်အထက်ရှိရန် လိုကြောင်း၊ထို့ကြောင့်ရွေးကောက်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ဒေသအသီးသီးတွင်လည်း ၅၀ ရာခိုင်နှုန်းအထက် အနည်းဆုံး မဖြစ်မနေလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ သို့မှလည်း ရွေးကောက်ပွဲအောင်မြင်မည်ဖြစ်ပြီး အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်းတက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ရွေးကောက်ပွဲရာခိုင်နှုန်းများများလုပ်နိုင်သည့်ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲသည် သိက္ခာမဲ့သည့် ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲကို ပြန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအင်္ဂါရပ်များနှင့်ညီအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ EAO များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ရွေးကောက်ပွဲပျက်အောင် လုပ်ဆောင်နေကြသကဲ့သို့ အချို့နိုင်ငံများကလည်း ရွေးကောက်ပွဲမလုပ်ဆောင်ရန် ပြောဆိုမှုများရှိကြောင်း၊ မိတ်ဆွေနိုင်ငံများကလည်း ရွေးကောက်ပွဲလုပ်ဆောင်ရန် ပြောဆိုမှုများရှိကြောင်း၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် မည်သည့်အတွက်ကြောင့် ရွေးကောက်ပွဲအထမမြောက်စေလိုသည်ကို စဉ်းစားရမည်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲပြီးစီးပြီး ရွေးချယ်ခံကိုယ်စားလှယ်များတက်လာပါက ၎င်းတို့သည်လည်း အလိုအလျောက်ပျက်ပြယ်သွားမည်ဟုသိနေသဖြင့် ရွေးကောက်ပွဲကိုမပျက်ပျက်အောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့အချို့ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မိမိတို့အစိုးရနှင့် ဆွေးနွေးရန်မရှိဟု ပြောထားကြကြောင်း၊သို့သော်လည်း မိမိတို့နှင့် ဆွေးနွေးပြီးဖြစ်သည့် အဖွဲ့ ၁၀ ဖွဲ့လုံးသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို လက်ခံကြကြောင်း၊ တိုင်းရင်းသားများဖြင့် NCAပါ အချက်အလက်များကို ညှိနှိုင်းဆောင်ရွက်ပြီး ရွေးကောက်ပွဲကို ဆောင်ရွက်မှသာလျှင် တစ်နိုင်ငံလုံး ဒီမိုကရေစီစနစ်လွှမ်းခြုံမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အချိန်အတိုင်းအတာတစ်ခုပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရလည်း နိုင်ငံရေးပါတီများသည် မှတ်ပုံတင်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲဝင်ရန် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ ထို့နောက် မဲဆွယ်စည်းရုံးမှုများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ပါဝင်ယှဉ်ပြိုင်မည့်ပါတီသည် တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ အနက် ၁၆၅ မြို့နယ်တွင်ရုံးဖွင့်ထားပြီးဖြစ်ရမည်ဖြစ်ကာ ပါတီဝင်ဦးရေ တစ်သိန်းရှိရမည်ဖြစ်ကြောင်း၊ တစ်ရာရာခိုင်နှုန်းတည်ငြိမ်အေးချမ်းသည့်မြို့နယ်သည် ၁၉၈ မြို့နယ်ရှိသည်ဟု တင်ပြချက်များအရသိရှိရကြောင်း၊ လုံခြုံရေးအလေးထားဆောင်ရွက်ရမည့် မြို့နယ်သည် ၆၇ မြို့နယ်၊ လုံခြုံရေးထိထိရောက်ရောက်ဆောင်ရွက်ပေးရမည့် မြို့နယ် ၆၅ မြို့နယ်ရှိကြောင်း၊ အချို့ကျေးလက်ဒေသများသည် လုံခြုံရေးပိုမိုလိုအပ်ကြောင်းကို တွေ့ရှိရကြောင်း၊ အချို့ပြည်နယ်များတွင် ရွေးကောက်ပွဲကိုဒေသ၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသေးကြောင်း၊ကိုယ်စားလှယ်များအနေဖြင့်လည်း စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ကျေးလက်နေ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့၏မဲပေးနိုင်မှုကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဥပဒေတွင် ပြန်ကြည့်မည်ဆိုပါကလည်း အခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ သာမန်အားဖြင့် ခြောက်လ နှစ်ကြိမ်ပေး၍ရသည်ဖြစ်သော်လည်း လက်ရှိအချိန်သည် သာမန်အချိန်မဟုတ်သဖြင့်ခြောက်လတစ်ကြိမ်အနည်းဆုံးထပ်မံတိုးမြှင့်ပေးရန်သင့်သည်ဟု ယူဆမိပါကြောင်း၊ခြောက်လပြည့်ပြီးပါက နိုင်ငံတော်၏အခြေအနေများကိုထပ်မံတင်ပြမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် အထူးဖိတ်ကြားထားသည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၀ မှ ၄၃၂ သည်အရေးပေါ်အခြေအနေဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၅ ၏ အဓိကအချက်သည် သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လထိ နှစ်ကြိမ်တိုးမြှင့်နိုင်သည်ဟူသည့် ပြဋ္ဌာန်းချက်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် သာမန်အားဖြင့်ဟူသည့် အသုံးအနှုန်းသုံးနှုန်းထားသည့်အခြေအနေများကိုလေ့လာကြည့်သည့်အခါတွင် ယခုအခါပုံမှန်မဟုတ်သည့်အခြေအနေ၊ သာမန်မဟုတ်သည့်အခြေအနေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဥပဒေတစ်ခုကိုလေ့လာသည့်အခါ Letter of Law ဟူသည့်အရေးအသားနှင့် Spirit of Law ဟူသည့် ဥပဒေ၏အနှစ်သာရကိုကြည့်ရမည်ဖြစ်ပြီး Spirit of Law ကို ကြည့်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၄ လ(နှစ်နှစ်)တာကာလအတွင်း နိုင်ငံတော်တာဝန်များကို အစိုးရကချမှတ်ထားသည့် **ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်** အပေါ် တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည့်ပြည့်စုံစုံရှင်းလင်းဆွေးနွေးသွားသည်ကိုတွေ့ရပါကြောင်း၊အစိုးရနှင့်တပ်မတော်အနေဖြင့် ပြည်တွင်း၊ ပြည်ပတားဆီးနှောင့်ယှက်မှုများ၊အခက်အခဲများကြားက ကြံ့ကြံ့ခံပြီး နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် **"ဒို့တာဝန် အရေး သုံးပါး"**ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အသိအမှတ်ပြုသည်ကို ဦးစွာပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် အခက်အခဲ အကျပ်အတည်းများ၊ ကြီးမားသည့် အပြောင်းအလဲမှုများပေါ်လာတိုင်းရှေ့ကထွက်ပြီး ကာကွယ်ရပ်တည်ပေးခဲ့သည်မှာတပ်မတော်ဆိုသည့် ခိုင်မာစနစ်ကျသည့်အဖွဲ့အစည်း(Institution)ပင်ဖြစ်ပါကြောင်း၊ ယခင်အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုဖြစ်စဉ်များကြောင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ**သည် နိုင်ငံတော်၏တာဝန်ကိုရယူခဲ့ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းစလမ်းခရီး မတိမ်းချော်စေရန် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ်များကို ဖြေရှင်းပေးရန်၊ ဆွေးနွေးညှိနှိုင်းပေးရန် အကြိမ်ကြိမ်ကြိုးပမ်းတိုက်တွန်းခဲ့ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ"** သည် နိုင်ငံတော်တာဝန်ကိုဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့်ကာလအတိုင်း တာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါကာလအတွင်း၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏မဲစာရင်းမှားယွင်းမှုအပေါ်မှ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းများ မှန်ကန်စေမှုသည် အဓိကကျသည့်အတွက် လူဦးရေစာရင်းတိကျခိုင်မာစေရန် ဆောင်ရွက်သင့်သည့် အခြေအနေများ၊ နိုင်ငံ၏ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများ၊ NCA နှင့်ပတ်သက်ပြီး စာချုပ်ပါအချက်အလက်များကို နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့်အစဉ်အမြဲအလေးထားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် အချို့သော EAO များသည် မဲမသမာသူများနှင့်ပူးပေါင်းပြီး နိုင်ငံအတွင်း အကြမ်းဖက်ဖြစ်စဉ်များကို ရွေးချယ်ဆောင်ရွက်ခဲ့သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် ဝေးကွာခဲ့ရသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် လက်ရှိနိုင်ငံ၏အခြေအနေသည် ယခင်ကထက်တည်ငြိမ်မှုရှိလာသော်လည်း ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်နှင့် ကျင်းပရန်ရည်ရွယ်ထားသည့် ရွေးကောက်ပွဲပျက်ပြားအောင် နည်းလမ်းမျိုးစုံသုံးပြီး ပိုမိုလုပ်ဆောင်လာကြသည်ကို တွေ့ရပါကြောင်း။

တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ဒီမိုကရေစီအခွင့်အရေးများမဆုံးရှုံး မနစ်နာစေရန် နောင်ကျင်းပမည့်ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နေရာအနှံ့အကြားအလပ်မရှိ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့်အထွေထွေရွေးကောက်ပွဲ **မဲဆန္ဒနယ်** ထက်မလျော့အောင် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက်လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါကြောင်း၊ အဆိုပါအချက်များသည် မလွဲမသွေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်စေရန် အတွက်လည်း မိမိတို့ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူညီဆုံးဖြတ်ချက်များအရလည်းကောင်း၊ အခြေခံဥပဒေ**ပုဒ်မ ၄၂၅** နှင့်အညီ **"နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၁-၂-၂၀၂၃ ရက်မှစ၍ နောက်ထပ်ခြောက်လ တိုးမြှင့်သတ်မှတ်ကြောင်း"**နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်"**ထံသို့ ထပ်မံအပ်နှံကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်း၊ **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ"**အနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အစဉ်အမြဲအလေးထား ကာကွယ်စောင့်ရှောက်ပေးသွားရန်နှောင်ကျင်းပမည့်ရွေးကောက်ပွဲတွင် မိမိနိုင်ငံသားတစ်ဦးချင်းစီ၏ ဆန္ဒအတိုင်းလွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်ရှိနိုင်ရေး နိုင်ငံတစ်ဝန်း နေရာအနှံ့အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်စေရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားကြရန် ပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၃)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**မဲမသမာမှုဖြစ်နိုင်သည့် စိစစ်တွေ့ရှိချက်သည် မဲပေးပိုင်ခွင့်ရှိသူ ပမာဏ၏ လေးပုံတစ်ပုံကျော်ဖြစ်နေပြီး သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှုမဟုတ်ကြောင်းနှင့် သေချာစိစစ်မှုမရှိဘဲ ကြိုတင်ပူးပေါင်းကြံစည်မှုများသာဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ် . . .**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး | အတွင်းရေးမှူး |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး | တွဲဖက်အတွင်းရေးမှူး |
| (၅) | ဗိုလ်ချုပ်ကြီးမြထွန်းဦး | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ကြီးတင်အောင်စန်း | အဖွဲ့ဝင် |
| (၇) | ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်ဖွဲ့ဘူ | အဖွဲ့ဝင် |
| (၁၂) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၃) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၄) | ပူဂင့်ကမ်းလျန် | အဖွဲ့ဝင် |
| (၁၅) | ဦးမောင်ကို | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာအောင်ကျော်မင်း | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာကျော်ထွန်း | အဖွဲ့ဝင် |
| (၁၈) | ခွန်စံလွင် | အဖွဲ့ဝင် |
| (၁၉) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၂၀) | ဦးရန်ကျော် | အဖွဲ့ဝင် |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးကို ရည်မှန်းဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးမြထွန်းဦး |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် |
| (၅) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးတင်အောင်စန်း |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၇) | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၈) | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် |
| (၉) | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာကံဇော် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန | ဦးကိုကိုလှိုင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာသီတာဦး |
| (၁၃) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၄) | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန | ဦးကိုကို |
| (၁၅) | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဦးလှမိုး |
| (၁၇) | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၈) | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးသောင်းဟန် |
| (၁၉) | ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန | ဦးမျိုးမြင့်ဦး |
| (၂၀) | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ဒေါက်တာပွင့်ဆန်း |
| (၂၃) | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဦးအောင်နိုင်ဦး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန | ဒေါက်တာညွန့်ဖေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာမျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာသက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၂၈) | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာသက်သက်ခိုင် |
| (၃၀) | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဦးအောင်သော် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၂) | အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များစုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၂ ကျပ်သား တစ်ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅၁ ကျပ်သား ခြောက်ပဲ ခြောက်ရွေး၊ ပုလဲနှင့် ကျောက်မျက်ရတနာမျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် လေးကျပ်သား ခုနစ်ပဲ ခြောက်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၃ ကျပ်သား ရှစ်ပဲ နှစ်ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၁၇၉၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁၀ ကျပ်သား ခြောက်ပဲ ခြောက်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၄ ကျပ်သား ၁၁ ပဲ ခြောက်ရွေး၊ စိန်၊ ပုလဲ၊ ကျောက်မျိုးစုံနှင့် ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၅၈၈၆၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင်အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၄ ကျပ်သား ခုနစ်ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀ ကျပ်သား ကိုးပဲ သုံးရွေး၊ ပတ္တမြား၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ အလှူငွေကျပ် ၁၉၆၂၈၄၅၀ တို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိစဉ်။

ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။



# တောင်ကုတ်ခရိုင် မအီမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် မအီမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မအီမြို့ရှိ ရတနာ့မာရ်အောင်တောရဓမ္မရိပ်သာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် မအီမြို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၂၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၂) ရှေ့ဖုံးမှအဆက်

အမြတ်နည်းဖြင့်ရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်တစ်ဝန်းလုံးကို အရေးပေါ်အခြေအနေကြေညာခဲ့ရသည်ထိဖြစ်ပွားခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်း၍ မဲစာရင်းစစ်ဆေးခဲ့မှုနှင့်တွေ့ရှိမှုအခြေအနေများ၊ မဲမသမာမှုများတွင် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ NLD ပါတီ ဥက္ကဋ္ဌနှင့် သမ္မတဟောင်းတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် တိုက်ရိုက်နှင့်သွယ်ဝိုက် ဖိအားပေးဆောင်ရွက်မှု အခြေအနေများ၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးသည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများ၊ နိုင်ငံတော်နှင့် နိုင်ငံ့ကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးခဲ့သည့် အခြေအနေများ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF များက အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်အခြေအနေများ၊ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေများနှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အခြေအနေများ၊ CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF တို့က လက်ရှိ အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလာခဲ့ကြသည့် အခြေအနေများနှင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၏ လုံခြုံရေးအခြေအနေများကို တင်ပြခဲ့သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြသည်။ ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်ကိုအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF တို့က အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လက်နက်ကိုင်ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ကို သာမန်အခြေအနေထက် လွန်ကဲစွာပြုလုပ်လျက်ရှိပြီး နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့်အခြေအနေရှိနေသေးဆဲဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ သို့ပါ၍ သာမန်မဟုတ်သည့်အခြေအနေများဖြစ်ပေါ်နေမှုကြောင့် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ပေးမှသာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းတာဝန်များပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်လိုက်သည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသိဒ္ဓာဦးတို့ တက်ရောက်ခဲ့ကြကြောင်းနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျန်းမာရေးကြောင့် ခွင့်ပန်ကြားခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မြင့်ဆွေ

ယာယီသမ္မတ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးစောထွန်းအောင်မြင့် — အဖွဲ့ခေါင်းဆောင်
(၂) ဦးသိန်းညွှန့် — အဖွဲ့ဝင်
(၃) ဦးခင်မောင်ဆွေ — အဖွဲ့ဝင်
(၄) ဒေါ်အေးနုစိန် — အဖွဲ့ဝင်
(၅) ဦးမောင်းဟာ — အဖွဲ့ဝင်
(၆) ဦးစိုင်းလုံးဆိုင် — အဖွဲ့ဝင်
(၇) စောဒန်နီယယ် — အဖွဲ့ဝင်
(၈) ဒေါက်တာဗညားအောင်မိုး — အဖွဲ့ဝင်
(၉) ဒေါက်တာမောင်မောင်နိုင် — အဖွဲ့ဝင်

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမျိုးအောင် — မန္တလေးတိုင်းဒေသကြီး
(၂) ဦးအောင်ကြည်သိန်း — မွန်ပြည်နယ်
(၃) ဦးထိန်လင်း — ရခိုင်ပြည်နယ်
(၄) ဦးအောင်ဇော်အေး — ရှမ်းပြည်နယ်

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၁/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဌာနများသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

(၁) ဒေါက်တာအောင်ဇေယျ ဒုတိယဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — ဒုတိယဝန်ကြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
(၂) ဦးသန်းဝင်း အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် — အဖွဲ့ဝင် ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၈/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးစစ်အေးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၂/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

(၁) ဦးစောဘလှိုင် — အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(၂) ဒေါက်တာဘမောင် — အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(၃) ဦးမင်းမင်းဦး — အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
(၄) ဦးဇော်ဝင်း — ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန
(၅) ဒေါ်ခင်ချိုအုန်း — အဖွဲ့ဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၃/၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်)

## တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းအား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**


သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ


# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၉/၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာဌေးအောင်အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြုပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များကို ဂုဏ်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် မွန်ပြည်နယ် ကိုယ်စားပြု ဂုဏ်ပြုယာဉ်နှင့်အတူ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့သည့် ယိမ်းအဖွဲ့များ၊ အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းတို့တွင် ကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အသင်းအဖွဲ့များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်း



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ခဲ့သူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ယိမ်းအဖွဲ့များနှင့် အသင်းအဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။ ယင်းနောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၁၄ ဦးကို ၎င်းကျေးရွာရှိ သာသနာ့ဗေယျာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၉ ဦး၊ ခွဲစိတ်ရောဂါ ၅၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၂ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးအကြောရောဂါ ၁၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၆ ဦး၊ မျက်စိရောဂါ ၁၈၅ ဦးနှင့် သွားရောဂါ ၄၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၂၉ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၇၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်စဉ်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sinopharm ဆေး အလုံး ၁၀၀၀၀ နှင့် ဆေးထိုးအပ်များ၊ ချင်းပြည်နယ် ကလေးမြို့သို့ Sinopharm ဆေး အလုံး ၁၆၄၀ နှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Sinopharm ဆေး အလုံး ၃၉၀၀ နှင့် ဆေးထိုးအပ်များ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ Sinopharm ဆေး ၃၇၇၆ လုံးနှင့် ဆေးထိုးအပ်များ၊ မြိတ်မြို့သို့ Sinopharm ဆေး ၄၆၆၆ လုံး နှင့် ဆေးထိုးအပ်များ၊ကော့သောင်းမြို့သို့ Sinopharm ဆေး ၇၀၈ လုံးနှင့် ဆေးထိုးအပ်များကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက အသီးသီးလက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖေဖော်ဝါရီ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၃၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၀၂ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဇန်နဝါရီ ၃၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၄၀၉ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်နေ နေလင်းထက်သည် ၎င်းအသုံးပြုသည့် "Nay Lin Htet" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေးအသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဇိနတ္ထပကာသနီကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီးအောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ်ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ်မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ်ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ်သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ်ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ်ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ်သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ပ) | ဗိုလ်မှူးချုပ်အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ်ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီးအောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ်အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားလျက်ရှိ



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ ဘာသာရေးဆိုင်ရာနေရာများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ ဘာသာရေးဆိုင်ရာနေရာများနှင့် အပန်းဖြေဥယျာဉ်များတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးလိုလားချက် ပြည့်ဝစေရန်အတွက် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုအား အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထုအကြောက်တရား လွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ တာဝန်ယူသည့် နှစ်နှစ်ပြည့်သည့် ယနေ့တွင် ပြည်သူများစိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှား ဆောင်ရွက်နိုင်မှုမရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပျက်စီးစေရေးအတွက် Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ သက်ဆိုင်ရာ ဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၇၈၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၄၅၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၈၁၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၁၀၆၇ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှု နှစ်နှစ်ပြည့် ကြိုဆိုထောက်ခံပွဲ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ကြိုဆိုထောက်ခံပွဲနှင့် တပ်မတော်ထောက်ခံပွဲများပြုလုပ်



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှု နှစ်နှစ်ပြည့် ကြိုဆိုထောက်ခံပွဲ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ကြိုဆိုထောက်ခံပွဲ၊ မြန်မာ့တပ်မတော်ကို ထောက်ခံပွဲနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချပွဲ ကျင်းပစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှု နှစ်နှစ်ပြည့် ကြိုဆိုထောက်ခံပွဲ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ကြိုဆိုထောက်ခံပွဲ၊ မြန်မာ့တပ်မတော်ကို ထောက်ခံပွဲနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်မှု နှစ်နှစ်ပြည့် ကြိုဆိုထောက်ခံပွဲ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကြိုဆိုထောက်ခံပွဲ၊ မြန်မာ့တပ်မတော်ကို ထောက်ခံပွဲနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချပွဲတို့ကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တို့၌ အသီးသီးပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နှစ်နှစ်ပြည့်အုပ်ချုပ်မှုကို ထောက်ခံပါသည်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကြိုဆိုပါသည်၊ အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေး ဒို့အရေး၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားမှန်သမျှ ဆန့်ကျင်ကြ၊ ဗုဒ္ဓဘာသာရဟန်းတော်များအား ကာကွယ်ကြ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဒို့အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် တပ်မတော်အား ထောက်ခံပါသည်၊ အကြမ်းဖက် PDF အလိုမရှိ၊ NUG၊ CRPH အကြမ်းဖက်သမားများ အလိုမရှိ၊ NUG၊ PDF ပြည်သူအပေါ် အကြမ်းဖက်မှုချက်ချင်းရပ်၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချပါသည်" စသည့် စာသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒဖော်ထုတ်ကြပြီး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဧည့်ခံ



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော် LOGO Design ရေးဆွဲပေးသည့် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် (တာဝန်ခံ) ဒေါက်တာစန်းယုခိုင်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူငယ်ရေးရာကော်မတီစုံညီပွဲတော်တွင် ကူညီပါဝင်ဆောင်ရွက်ခဲ့ကြသည့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ် အသီးသီးတို့မှ ပါမောက္ခချုပ်များ၊ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ ကိတ်မုန့်များ ဖွင့်လှစ်၍ ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုသီဆိုမှုများနှင့် အငြိမ့်ခန်းတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည့် မဟာအောင်မြေခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများကို ကျောင်းစိမ်းဝတ်စုံများ ပေးအပ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးများလှူဒါန်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး မဟာအောင်မြေခရိုင်အတွင်း အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမ ၁၈၀၈ ဦးအတွက် ကျောင်းဝတ်စုံများကို ချီးမြှင့်ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုက လှူဒါန်းသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၇၀ အတွက် စက်ဘီးအစီး ၃၇၀ ကို ပေးအပ်လှူဒါန်းကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီဆိုကပြမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

မန္တလေး ပညာရေးဒီဂရီကောလိပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ အားကစားအသင်းအလိုက် အုပ်ချုပ်သူနည်းပြများ၊အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပြများ၊အုပ်ချုပ်သူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများကို နှုတ်ဆက်အားပေးစကားများ ရင်းနှီးစွာလိုက်လံပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့ပေါ်ရှိ အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်အတွင်း သတ်မှတ်နေရာများတွင် ပြည်သူများကို ဆန်များ အခမဲ့ပေးဝေနေမှု၊ ပြည်သူများ သက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ထမင်းတစ်ဘူး ၅၀၀ ကျပ်ဖြင့် ရောင်းချပေးနေမှုနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏နှစ် ၃၀ ပြည့်နှစ်ပတ်လည် ဝန်ထမ်းမိသားစုများက ထမနဲထိုးပြိုင်ပွဲကျင်းပ၍ ပြည်သူများအား ထမနဲ စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး လုပ်သားပြည်သူ ဦးရေ ၄၂၀၅၀ ကို ဆန်များ အခမဲ့ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အသည်းအစားထိုးခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။

အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လိုအပ်သောပြုစုကုသမှုများကို အထူးကြပ်မတ်ကုသခန်း၌ သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယခင်နေ့ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့မှာလည်း ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မွန်မြတ်ထူးကဲ လတပို့တွဲနှင့် သဒ္ဓါကြည်ဖြူ ထမနဲအလှူ

**မေတ္တာမိုးနှင်း(ပဲခူး)**

မြန်မာနိုင်ငံတွင် ဆယ့်နှစ်ရာသီပွဲတော်များရှိသည်။ ဗုဒ္ဓသာသနာနှင့် သက်ဆိုင်သည့်ပွဲများအပြင် ရိုးရာဓလေ့ပျော်ပွဲရွှင်ပွဲများ၊ အထိမ်းအမှတ်ပွဲများလည်း ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည့်အလျောက် လပြည့်နေ့များသည် ဗုဒ္ဓသာသနာနှင့်ဆက်နွယ်လျက်ရှိကြပြီး ထိုနေ့များ၌ အထိမ်းအမှတ်ကုသိုလ်ကောင်းမှုများကို အထူးတလည်ပြုလုပ်လေ့ရှိကြ၏။

**တပို့တွဲလ**

တပို့တွဲလသည် မြန်မာပြက္ခဒိန်၏ ကောဒသမမြောက်လဖြစ်ပြီး တပို့တွဲလတွင် ၂၉ ရက်ရှိသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကျရောက်သည်။ "တပိုဝ်"သည် "ထန်းဖူး"ကိုဆိုလိုပြီး "တွဲ"သည် "အသီးခိုင်တွဲလောင်းကျသည်"ကိုရည်ညွှန်းခြင်းကြောင့် တပို့တွဲလတွင်ထန်းဖူးများကို အောက်ရောက်အောင်ဆွဲချပြီး ထန်းရည်ခံသည့်ကာလဖြစ်သည်မှာ ထင်ရှားသည်။ အထိမ်းအမှတ်ပန်းမှာ ပေါက်၊ လဲပန်းဖြစ်သည်။ ကုံရာသီဖြစ်၍ စန်းယှဉ်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ အမတ်ကြီးဦးပေါ်ဦး၏ တပို့တွဲလဘွဲ့တေးထပ်တွင် "ကုံရာသီ ယှဉ်နွဲ့လို့၊ တပို့တွဲမာသာ၊ ဇောဇိသပါဒ်သုံးဖြာသည်၊ ဘဝါးပဥ္စာရိပ်ကြူ။ ပေါက် လဲပွင့်မာလာငယ်၊ သည်ချိန်ခါ သင်းပျံ့ပျံ့မြူး"ဟူ၍လည်းကောင်း၊ "ကြယ်မာဃ မြူးရွှင်သည်၊ စန်းငွေစင်သော်တာလနှင့်၊ မြနိစ္စတူမကွာ၊ ပူးယှဉ်လျက်ပါ။ သန်းခေါင်ညဉ့် ချိန်ခါဝယ်၊ ရှိန်အဝါ ထွန်းပါဘိလေး"ဟူ၍လည်းကောင်း တပို့တွဲလအကြောင်းကို ရေးဖွဲ့ထားသည်။

**မီးဖုန်းအလှူပွဲ**

တပို့တွဲလသည် အချမ်းပိုသည်။ မြတ်စွာဘုရားရှင်လက်ထက်၌ တပို့တွဲလမှတပေါင်းလသို့ အကူးကြားရှစ်ရက်သည် အလွန်အေးမြသည်။ ဝိနည်းတော်အရ မြတ်စွာဘုရားသည် ရဟန်းတို့ကိုမီးမလှုံရန် တားမြစ်ပိတ်ပင်သည်။ တားမြစ်ရသည့်အကြောင်းမှာ မီးနှင့်မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ မီးလှုံလျက် အပေါင်းအဖော်တို့နှင့်မွေ့လျော်နေခြင်း၊ ၎င်းတို့နှင့် အကျိုးမရှိသောစကားများကို ပြောဆိုခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော် တပို့တွဲလအကုန် တပေါင်းလအကူးကြား ရှစ်ရက်သည် အလွန်တရာအေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းများ မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက ကိုယ်တော်တိုင်သည်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကို အစွဲပြု၍ တပို့တွဲလ၌ မီးပုံသဘင်ကို ဆင်ယင်ကျင်းပကြသည်။ သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားအား နံ့သာများမီးရှို့၍ပူဇော်သောမီးပုံပွဲကို ပြုလုပ်လေ့ရှိပြီး မီးဖုန်းအလှူပွဲဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ဘုရားရှင်အား အအေးဒဏ်မခံစားရစေရန်အလို့ငှာ တပို့တွဲလပြည့်နေ့ညတွင် သက်တော်ထင်ရှား မြတ်စွာဘုရားအားရည်မှန်း၍ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ နံ့သာထင်းမီး၊ ပြည်မြို့ ရွှေဆံတော်စေတီတွင် ညံ့ရိုးမီးတို့ဖြင့် အနွေးဓာတ်ရရှိစေရန် ပူဇော်လေ့ရှိကြသည်။ အမတ်ကြီး ဦးပေါ်ဦး၏ တပို့တွဲလဘွဲ့တေးထပ်တွင် "ဆတ္တိသ ညဉ့်နာရီမှာ၊ ဇောစမ္ပိနေ့ကူး၊ စည်ခရာတံမြှာကျူးပါလို့၊ အလှူထူးသဘင်၊ နှစ်အစဉ်သွေမလွဲပြီဘု၊ မီးပုံးပွဲသည်ရာသီတွင်"ဟူ၍ မီးဖုန်းပွဲကျင်းပကြောင်းကို ရေးဖွဲ့ထားသည်။

**တပို့တွဲလပြည့်နေ့**

တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟု ခေါ်ဆိုကြသည်။ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ကို ဟောကြားတော်မူရမြဲဖြစ်၍ ဂေါတမမြတ်စွာဘုရားသည်လည်း မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်ကို ပထမဆုံး ဟောကြားတော်မူသောကြောင့်ဖြစ်သည်။ ဩဝါဒပါတိမောက်ဟူသည်ကား လိုက်နာသူတို့ကို အပါယ်လေးပါးမှ လွတ်မြောက်စေနိုင်၍ ပါတိမောက်၊ ဘုရား၏အဆုံးအမဖြစ်၍ ဩဝါဒ၊ ဩဝါဒနှင့် ပါတိမောက်ကိုတွဲစပ်လျက် ဩဝါဒပါတိမောက်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ဂါထာအားဖြင့် သုံးဂါထာမျှဖြစ်၏။

ပထမဂါထာတွင် သီလ၌တည်ပြီး အကုသိုလ်ကိုရှောင်လျက် စိတ်တည်ကြည်ငြိမ်းချမ်းအောင် သမထ ဝိပဿနာ၊ ဘာဝနာတရားပွားများခြင်းဖြင့် ကုသိုလ်တို့ကိုပြည့်စုံစေ၍ ရဟန္တာဖြစ်အောင် အားထုတ်ကြရပါမည်။ ရဟန္တာဖြစ်သောအခါ စိတ်သည်အလျှင်းစင်ကြယ်သည်ကိုလည်းကောင်း၊ ဒုတိယဂါထာတွင် သူတစ်ပါးတို့က မိမိအပေါ် မတော်မလျော်ပြုခြင်း၊ ပြောခြင်း၊ အချမ်း၊ အပူစသော သဘာဝဘေးဒဏ်တို့ကို ဌွဲဖြင့်သည်းခံနိုင်ပြီး မိမိ၌အကုသိုလ်တို့မဖြစ်ပွားနိုင်၍

❖ နှင်းဖွေးဖွေးဝေနေသည့်ကာလ၌ ထမနဲပွဲကျင်းပရသည်မှာ ပျော်စရာကောင်းလှသည်။ ကောက်ညှင်းဆန်စေးစေးကို မိုးပြဲဒယ်ကြီးများနှင့်ထည့်၍ ဆီနိုင်နိုင်၊ နှမ်းနိုင်နိုင်၊ အုန်းဆန်နိုင်နိုင် ရောထည့်ပြီး ထမနဲထိုးကြပုံမှာ စုပေါင်းညီညာသည့်သရုပ်ကို ဖော်ဆောင်နေသည်။ ထမနဲကို ဘုရားလှူ၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ရောက်အောင်ပို့သည့်အပြင် တစ်အိမ်တက်ဆင်းဝေငှကျွေးမွေးတတ်သော မြန်မာ့ဓလေ့မှာ ချစ်စရာကောင်းလှသည်။ တချို့ကမူ လာသမျှဧည့်သည်ကို ရင်းနှီးဖော်ရွေစွာ တည်ခင်းကျွေးမွေးကြသည်။ ❖

ခန္တီအကျင့်သည် အမြတ်ဆုံးအကျင့်ဖြစ်သည်ကိုလည်းကောင်း၊ တဏှာသည် ဘဝတို့ကို ချုပ်စပ်သကဲ့သို့ တစ်ဘဝမှ တစ်ဘဝသို့ ဆွဲငင်ခေါ်ဆောင်၏။ တဏှာချုပ်ငြိမ်းမှ ဘဝခပ်သိမ်း၊ ကိလေသာခပ်သိမ်း အေးငြိမ်းမည်ဖြစ်၍ တဏှာချုပ်ငြိမ်းရာနိဗ္ဗာန်သည် အမြတ်ဆုံးတရားဖြစ်သည်ကိုလည်းကောင်း၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်ခြင်းပြုက ရဟန်းအစစ်မဖြစ်နိုင်၊ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို ကျင့်သုံးနေထိုင်သူရဟန်းအစစ် မဖြစ်နိုင်သည်ကိုလည်းကောင်း ဟောဖော်ညွှန်ပြ၏။

တတိယဂါထာတွင် သူတစ်ပါးကို ကိုယ်တိုင်လည်း မစွပ်စွဲခြင်း၊ အခြားသူကိုလည်း မစွပ်စွဲစေခြင်း၊ သူတစ်ပါးကို ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ တစ်ပါးသူကိုလည်းမညှဉ်းဆဲစေခြင်းဖြင့် ကိုယ်နှုတ်စင်ကြယ်ခြင်းကိုလည်းကောင်း၊ ရဟန်းတို့စောင့်ထိန်းရသည့်အမြတ်ဆုံးသီလ၌ လုံခြုံစေခြင်း၊ စားသောက်ရာ၌ ပမာဏကို သိခြင်း၊ တိတ်ဆိတ်ငြိမ်သက်သော တောရကျောင်း၌ မွေ့လျော်ခြင်း၊ သမာပတ်ရှစ်ပါးကို အမြဲပွားများနေခြင်းဖြင့် သီလလေးပါး (စတုပါရိသုဒ္ဓိ)ကို စင်ကြယ်စေလျက် သပ္ပာယဖြစ်သောကျောင်းတော်၌ သီတင်းသုံးနေထိုင်၍ တရားရှုပွားနေကြရမည်ကိုလည်းကောင်း ဆုံးမတော်မူသည်။

ဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြဆိုတော်မူမြဲဖြစ်၏။ ဝိပဿီဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ သိခီဘုရား၊ ဝေဿဘူဘုရားတို့သည် ခြောက်နှစ်တစ်ကြိမ်၊ ကကုသန်ဘုရား၊ ကောဏာဂုံဘုရားတို့သည် တစ်နှစ်တစ်ကြိမ်၊ ကဿပဘုရားသည် ခြောက်လတစ်ကြိမ်၊ ဂေါတမဘုရားသည် ၁၅ ရက် တစ်ကြိမ် လပြည့်လကွယ်နေ့တို့၌ ဩဝါဒပါတိမောက်ကို မိန့်ဆိုတော်မူကြ၏။

**ယာဂုအလှူပွဲ**

ရှေးယခင်ကကျင်းပသောမီးပုံပွဲတွင် ယာဂုအိုး ၁၀၀၀ လျှဒါန်းလေ့ရှိသည်။ ၎င်းကိုထောက်ရှုလျှင် မီးပုံပွဲနှင့် ယာဂုဆက်စပ်နေသည်ကို တွေ့ရမည်။ ဤအလှူနှစ်မျိုးသည် တစ်ခုနှင့်တစ်ခုဆက်စပ်၍ တစ်ပြိုင်တည်းဖြစ်ပေါ်လာသည်ဟုဆိုနိုင်သည်။ ယာဂုပူဇော်ပွဲအစဉ်အလာကို ဝိနည်းပိဋကတ်မဟာဝဂ်ပါဠိတော်၌ ပြဆိုထားသည်။ တစ်ရံခါသော် မြတ်စွာဘုရားသည် များစွာသောသံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ဇနပုဒ်၌နေသောသူတို့သည် ဆန်၊ ဆီ၊ ဆား၊ ဆေး စသောလှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရားကြွချီရာသို့ လိုက်ပြီးလျှင် ဆွမ်း၊ ဘောဇဉ် အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ထိုအခါ ပုဏ္ဏားတစ်ဦးသည် အလားတူဆွမ်းကျွေးလိုပါသော်လည်း မိမိအလှည့်မကျနိုင်သောကြောင့် ရှင်အာနန္ဒာကိုချဉ်းကပ်၍ ယာဂုနှင့်ပျားသကာမုန့်တို့ကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်ရပါရန် လျှောက်ထားတောင်းပန်လေ၏။ ရှင်အာနန္ဒာသည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားလည်း ပုဏ္ဏားအလိုရှိသည့်အတိုင်း ကပ်လှူပူဇော်စေရန် သည်းခံတော်မူလေသည်။ ၎င်းမှစ၍ ယာဂုအလှူပွဲအစဉ်အလာပေါ်ပေါက်လာလေသည်။ ယခုမူကား ယာဂုအလှူဟု မခေါ်ဝေါ်တော့ဘဲ ထမနဲအလှူဟုသာ ခေါ်ဆိုကြတော့သည်။ ဦးပုံးချို၏ တပို့တွဲလဘွဲ့တွင် "ယာဂုပွဲကိုတဲ့၊ လှူမြဲအလွန်ရွှင်လို့၊ ခုနစ်စင်တာရာလွှမ်းသည်နှင့်၊ ဆူးပန်းတွေ ဝေဝေပွင့်ကြတယ်၊ ထူးတင့်မညီး" ဟူ၍ ယာဂုအလှူပွဲကျင်းပလေ့ရှိကြောင်းကို ဖော်ညွှန်းရေးဖွဲ့ထားသည်။

**ထမနဲ**

ထမနဲ သို့မဟုတ် ထမင်းနဲ့ဆိုသည့်စကားသည် (ကောက်ညှင်း) ထမင်းကိုနဲ့ခြင်း ဆိုသည့်အသုံးအနှုန်းမှဖြစ်ပေါ်လာပြီး ရှေးအရေးအသားတချို့၌မူ ထမင်းနဲ့ဟုရေးကြပြီး တချို့ကလည်း နှမ်းကိုကဲပြီးထည့်သောကြောင့် နှမ်းမနဲဟုခေါ်ဆိုကြသည်။ နှင်းဖွေးဖွေးဝေနေသည့်ကာလ၌ ထမနဲပွဲကျင်းပရသည်မှာ ပျော်စရာကောင်းလှသည်။ ကောက်ညှင်းဆန်စေးစေးကို မိုးပြဲဒယ်ကြီးများနှင့်ထည့်၍ ဆီနိုင်နိုင်၊ နှမ်းနိုင်နိုင်၊ အုန်းဆန်နိုင်နိုင်ရောထည့်ပြီး ထမနဲထိုးကြပုံမှာ စုပေါင်းညီညာသည့်သရုပ်ကို ဖော်ဆောင်နေသည်။ ထမနဲကို ဘုရားလှူ၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ရောက်အောင်ပို့သည့်အပြင် တစ်အိမ်တက်ဆင်းဝေငှကျွေးမွေးတတ်သော မြန်မာ့ဓလေ့မှာ ချစ်စရာကောင်းလှသည်။ တချို့ကမူ လာသမျှဧည့်သည်ကို ရင်းနှီးဖော်ရွေစွာ တည်ခင်းကျွေးမွေးကြသည်။ စေတနာသဒ္ဓါတရားထက်သန်သော မြန်မာတို့၏စိတ်ရင်းကို အထင်အရှားတွေ့မြင်ကြရသည်။ ထမနဲသည် အဘိုးအို၊ အဘွားအိုများပင်လျှင် တမြုံ့မြုံ့စားနိုင်သော စားစရာလည်းဖြစ်သည်။ ထမနဲကို တစ်လုတ်စားရုံမျှနှင့် တစ်နှစ်အတွင်း လူ့ခန္ဓာကိုယ်တွင်လိုအပ်သည့်အဆီကို ဖြည့်ဆည်းပေး၏ဟု ဆိုကြသည်။ ထို့ကြောင့် ဤရာသီ၌ ဆေးအဖြစ်စားရန် ထမနဲထိုးလျက် ဘုရားကပ်၊ အရပ်ဝေ၊ စတုဒိသာလှူ ကောင်းမှုပြုခြင်းဖြစ်သည်။

ထမနဲထိုးရန်အတွက် မန်လည်ဆရာတော်ကြီးက "ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်၊ တစ်စိတ်ဆန်ကောက်ညှင်းရယ်နှင့် တစ်ပိဿာဆီ အမှန်သွင်းပါ၊ ချင်းက သုံးဆယ်၊ မြေပဲဖြူလှော် တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အကူဖက်ပါလို့ နှမ်းမပျက် ဤနည်းနှယ်၊ ရေစင်ကြယ်ထည့်ရိုး လက်နှစ်သစ်ကယ်ပ၊ တွက်စစ်ကာ ဆားချိန်တစ်ဆယ်သားရယ်နဲ့ရောနှောကာ လူအများတို့ အားသစ်လို့ထိုး"ဟုရေးသားစပ်ဆိုထားခဲ့သည်။ ထမနဲတစ်ဒယ်တွင် ကောက်ညှင်းဆန် လေးပြည်၊ နှမ်းဆီ တစ်ပိဿာ၊ လှော်ထားသောမြေပဲ ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ သား၊ ဆား တစ်ဆယ်ကျပ်သား၊ ချင်း ၃၀ ကျပ်သားနှင့် ရေသင့်တော်ရုံထည့်ထိုးရမည်ကို စာချိုးများဖြင့် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

**မြန်မာ့သနပ်ခါးပွဲတော်**

၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာတို့၏ ဘာသာတရားတွင် သက်ဝင်ယုံကြည်မှုအလျောက် တပို့တွဲလပြည့်နေ့ည၌ မီးပုံပွဲကျင်းပပြီး သနပ်ခါးနံ့သာတုံးများဖြင့် မြတ်စွာဘုရားရှင်အား မီးပူဇော်ကြသည်။ အမျိုးသားများ၏ ထမနဲထိုးပွဲနှင့်အပြိုင် အမျိုးသမီးများကလည်း သနပ်ခါးကိုလိမ်းကျံ၍ အလှူဒါနပြုရာတွင် ပါဝင်ကြသည်။ ဗုဒ္ဓရုပ်ပွားတော်များ၊ ဆင်းတုတော်များအား သနပ်ခါးနံ့သာရည်ဖြင့် ရေသပ္ပာယ်ကြသည်။ အလွန်ချမ်းအေးသည့် "နှာရည်ယိုရွှဲတပို့တွဲ"တွင် အသားအရေခြောက်၍ အသားပပ်ခြင်းကိုလည်း သနပ်ခါးလိမ်းခြင်းဖြင့် ကာကွယ်နိုင်သည်။ ထို့ပြင် မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းကြခြင်းလည်းဖြစ်သည်။ အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာခြင်းကို ကာကွယ်နိုင်ရုံသာမက မြန်မာ့သနပ်ခါးကို မြတ်နိုးတန်ဖိုးထားတတ်ရန်အတွက်လည်း ကျင်းပကြခြင်းဖြစ်သည်။

**မွန်မြတ်ထူးကဲတပို့တွဲ**

တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့၏ ဖြူစင်သောသဒ္ဓါတရားကို ဖော်ကျူးသောလဖြစ်သည်။ အလှူဒါနအတွက်ဆိုလျှင် မမောနိုင်မပန်းနိုင် အားအင်အပြည့်ဖြင့် စည်းလုံးညီညွတ်ကြသည်ကို တွေ့မြင်ကြရသည်။ "စည်းလုံးခြင်းသည်အင်အား"ဟူသော ဆောင်ပုဒ်အတိုင်း ညီညွတ်စွာပေါင်းစု၍ အလှူပြုကြသည်ကို ကြည်နူးဖွယ်တွေ့ကြရသည်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အားမာန်၊ မြန်မာ့ရိုးရာဓလေ့ဟန်များကို မြန်မာသာမက ကမ္ဘာကပါ ချီးကျူးလောက်အောင် မြတ်နိုးထိန်းသိမ်းခြင်းကို ဖော်ပြနိုင်မှုပင်ဖြစ်သည်။ တူယှဉ်နွဲ့သည့်ထမနဲသည် ကုသိုလ်ပြုပွဲဖြစ်သည့်အပြင် မြန်မာတို့၏ ဌွဲမာန်ကိုဖော်ကျူးပြသနိုင်သောကြောင့် နှစ်စဉ်မပျက် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တွင် ကျင်းပကြရမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)**
- **မောင်ထင်၏မြန်မာဆယ့်နှစ်လအကြောင်း**
- **မြန်မာ့ရာသီပွဲတော်များ (သာရဝေါ-စိုးကြည်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်မှသာ

မင်းသူရိန်(သာကီနွယ်)

❖ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခြောက်သွေ့ရာသီမတိုင်မီ မီးသတ်ဦးစီးဌာနကဲ့သို့ တာဝန်ရှိသူများလာရောက်စစ်ဆေးစဉ် ကြည်သာစွာစစ်ဆေးခံပြီး ထိုပုဂ္ဂိုလ်များ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်စဉ်တိုင်းတွင် ရပ်ကွက်နှင့် ကျေးရွာလူထု၏ စုပေါင်းငြိမ်းသတ်နိုင်မှုက အရေးပါသကဲ့သို့ အဓိကတာဝန်လည်းဖြစ်ပြီး ကူညီကယ်ဆယ်ရေးကို ဆောင်ရွက်ပေးနေသော နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များ၏စွမ်းရည်မှာ များစွာအရေးကြီးသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရေးအတွက် အစဉ်အမြဲလေ့ကျင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ မီးသတ်အထောက်အကူပြုစက်ပစ္စည်းကိရိယာများနှင့် ခေတ်မီ မီးသတ်ယာဉ်များကိုလည်း ဖြည့်တင်းပေးလျက်ရှိသည်။ ❖

ရှေးလူကြီးများ၏စကားများကို တစ်ဦးမှ တစ်ဦး လက်ဆင့်ကမ်းလာကြသော "ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့်" ဆိုသည့် စကားသည် ယခုခေတ်ထိ တကယ်လိုက်နာသင့်သော အဖိုးထိုက်စကားဖြစ်သည်။ ထို့နောက် "ကြိုတင်ကာကွယ် ဘေးအန္တရာယ်"ဟူသောစကားသည်လည်း မကြုံသေးမီ သတိပြုစရာအန္တရာယ်ကို မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။ ယခုလို ပူပြင်းခြောက်သွေ့သောရာသီရောက်ချိန်တွင် လူသားများအတွက် အချိန်မရွေး၊ နေရာမရွေး၊ ဥတုရာသီမရွေး အစဉ်အဆက်ဒုက္ခပေးတတ်သောရန်သူမှာ မီးဘေးအန္တရာယ်ဖြစ်သည်။ မီးလောင်လျှင် ကုန်းကောက်စရာပင်မကျန်ဖြစ်တတ်သဖြင့် လူတိုင်းမီးလောင်မည်ကို ကြောက်လန့်ကြသည်။ စိုးရိမ်ကြသည်။ သို့သော် မီးကိုသတိမပြုကြ၊ နမော်နမဲ့အသုံးပြုကြသည်။

မီးဘေးအန္တရာယ်ကား အကြောင်းအမျိုးမျိုးဖြင့် ကြုံတတ်သကဲ့သို့ မီးအတွက် ကြိုတင်ကာကွယ်မှုမရှိလျှင် ဖြစ်ပျက်ခြင်းမြန်ဆန်မှု၏အခိုက်အတန့်ကို ထိန်းချုပ်ရန်မလွယ်ကူပေ။ မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ မီးလောင်မှုသည် အများအားဖြင့် ပေါ့ဆမှုကြောင့်ဖြစ်ရသည်။ မီးသုံးစွဲရာတွင် မပေါ့မဆဘဲ သတိထားသုံးရမည်ဖြစ်သကဲ့သို့ အိမ်ထောင်စုတိုင်းကလည်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မလွဲမသွေပြုကျင့်လိုက်နာဆောင်ရွက်ရန်လိုအပ်သည်။

မီးဘေးအန္တရာယ်ဆိုရာတွင် လူတို့သည် ထင်း၊ မီးသွေးများဖြင့်အသုံးပြုသောမီး၊ လျှပ်စစ်ဖြင့် အသုံးပြုသောမီးကို အသုံးများကြသည်။ ကြိုတင်ကာကွယ်မှုကောင်းခြင်းသည် မီးဘေးအန္တရာယ်ကင်းစေတတ်သည်။ သဘာဝဘေးနှင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအရပ်ရပ်တွင် ကြိုတင်ကာကွယ်မှုထားရှိရန် လိုအပ်သည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင် ထားရှိရှင်းလင်းခြင်း၊ ထင်းမီးဖို၊ မီးသွေးမီးဖိုတို့ကို အကာအရံဖြင့်ထားရှိအသုံးပြုခြင်း၊ မီးဖိုဘေးတွင် မီးအလွယ်တကူလောင်ကျွမ်းစေသောအရာများ မထားခြင်း၊ ဂက်စ်မီးဖိုအသုံးပြုပါက ဂက်စ်မီးဖိုများလုံခြုံမှုရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ခြင်း၊ အိမ်ပြင်သွားလျှင် လျှပ်စစ်မိန်းခလုတ်ချပြီးမှ ပြင်ပသို့ထွက်ခွာခြင်း၊ မီးဖိုအသုံးပြုစဉ်လူစောင့်အမြဲထားရှိခြင်း၊ ခြင်ဆေးခွေဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပြီးပါက မီးငြိမ်းသတ်မှု မပျက်မကွက်ပြုခြင်း၊ မီးကြွင်းမီးကျန်များကို ရေဖြင့် သေချာအောင်ငြိမ်းသတ်ခြင်း စသည့်ကြိုတင်ကာကွယ်မှုအရပ်ရပ် အားကောင်းလျှင် အားကောင်းသလို မီးဘေးအန္တရာယ်ကင်းလွတ်လွယ်ပေမည်။

အထူးသဖြင့် မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဘူး၊ ရေ၊ သဲ၊ မီးချိတ်၊ မီးကပ်တို့ အသင့်ဆောင်ထားအပ်သည်။ ပေါ့ဆမှုကြောင့် ဘေးအန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်မည်ကို အမြဲသတိထားရမည်။ ပေါ့ဆမှုကြောင့် မီးစတင်လောင်ကျွမ်းရာ အခြေခံအကြောင်းများစွာရှိသကဲ့သို့ အခြားအကြောင်းတစ်မျိုးမျိုးကြောင့်လည်း မီးလောင်စေတတ်သည်။ မီးသုံးစွဲလျှင် မပေါ့ဆရန် အလွန်အရေးကြီးသည်။ ပေါ့ဆမီး၊ ဝိုင်ယာရှော့ခ်မီး၊ လျှပ်စစ်ဝန်နှင့်အားမမျှ၍ အပူလွန်ကဲလောင်သောမီး၊ မီးကြွင်းမီးကျန်မှလောင်သောမီး၊ ဂက်စ်အိုးမလုံသဖြင့် လောင်သောမီး၊ ဆေးလိပ်မီးတို့မှအစ တောမီးလောင်ကျွမ်းမှုထိ အမျိုးမျိုးရှိသည်။ ထိုသို့သော မီးများလောင်ကျွမ်းလာမည်ဆိုပါက အရေးကြီးသည့် အချက်မှာ မည်သို့ပင် မီးစတင်လောင်ကျွမ်းပါစေ အတွင်းကျိတ်မငြိမ်းသတ်ဘဲ ပတ်ဝန်းကျင်ကို ဦးစွာ အသိပေးအကူအညီခေါ်သကဲ့သို့ မီးသတ်ဦးစီးဌာနသို့ မပျက်မကွက်အကြောင်းကြားခြင်းပြုရပေမည်ဖြစ်သည်။ ပတ်ဝန်းကျင်ရှိလူများကလည်း အကြောင်းကြားသင့်သောနေရာများကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရမည်။ သို့မှသာ မီးမကြီးမီအမြန်ဆုံးငြိမ်းသတ်နိုင်မည်ဖြစ်သည်။

မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများခြင်းသည် ကနဦးစတင်မီးလောင်စဉ် ဝိုင်းဝန်းမငြိမ်းသတ်နိုင်ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ အလားတူစွာ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ နေရာဌာနအလိုက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများဦးစီးပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ နှိုးဆော်ထားခြင်း အားကောင်းရမည်။ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုပြုသည့်အလေ့အထမရှိခြင်းကလည်း အကြောင်းအချက်တစ်ခုဖြစ်သည်။ မီးလောင်နေချိန် မီးသတ်ကားများဝင်ထွက်နိုင်အောင် လမ်းများရှင်းလင်းခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ နာမကျန်းသူများကို ဦးစားပေးကယ်တင်ရန်စီစဉ်ထားခြင်း၊ ရပ်ကွက်အလိုက် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးလွတ်ရာချထားသည့်ပစ္စည်းများကို မသက်ဆိုင်သူများ သယ်ယူမှုမပြုနိုင်အောင်လုံခြုံရေးထားရှိခြင်း စသည့် ဇာတ်တိုက်လေ့ကျင့်မှုများပြုထားလျှင် ဆုံးရှုံးမှုသက်သာမည်ဖြစ်သည်။ မီးငြိမ်းသတ်ရေးအဖွဲ့၊ ရွှေ့ပြောင်းရေးအဖွဲ့၊ လမ်းရှင်းလင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များအပြင် ဖြစ်နိုင်ပါက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များထားရှိပါက ပို၍လွယ်ကူအဆင်ပြေချောမွေ့စွာ ကာကွယ်နိုင်မည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားသည့်အခါမှာလည်း မည်သို့၊ မည်ပုံကာကွယ်ရမည်ကို ပြည်သူများသိရှိထားသင့်သည်။

ဥပမာအနေဖြင့် မီးလောင်သည်ကိုသိလျှင်သိချင်း တံခါးအမြန်ဖွင့်ပြီး အိမ်ပြင်ထွက်ပေါက် သို့မဟုတ် လှေကားသို့ လေးဖက်ထောက်အမြန်သွားရန်လိုအပ်သည်။ မတ်တတ်သွားလျှင် မီးခိုးကြောင့် အသက်ရှူမရဖြစ်ကာ လဲကျသတိမေ့တတ်သည်။ ပြီးလျှင်ပြင်ပသို့ ဆောလျင်စွာထွက်တတ်ရန်လိုသည်။ သို့မှသာ အသက်ဘေးမှ လွတ်ကင်းမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အများအားဖြင့် မီးလောင်နေစဉ်သေဆုံးရသောအကြောင်းရင်းများမှာ မီးခိုးမွန်အသက်ရှူကျပ်၍ သေဆုံးရခြင်းသာဖြစ်တတ်ပြီး သေဆုံးပြီးမှ မီးလောင်ခံရခြင်းပင်ဖြစ်သည်။ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆောင်ပုဒ်များစွာရှိသည်။ မီးသတိပြု သင့်ကြောင့်မီးမလောင်ပါစေနှင့်၊ မီးဘေးရှောင်မလောင်ခင်တား၊ မီးကြွင်းမီးကျန်သတိပြု၊ ဝိုင်းဝန်းကာကွယ်မီးဘေးအန္တရာယ်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်၊ လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ပါနှင့် အစရှိသည့်ဆောင်ပုဒ်များသည် လူတိုင်းလိုက်နာရမည့် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆောင်ပုဒ်များဖြစ်သည်။ လိုက်နာဆောင်ရွက်သည်နှင့်အမျှ မီးဘေးအန္တရာယ် လျော့နည်းသက်သာမည်ဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခြောက်သွေ့ရာသီမတိုင်မီ မီးသတ်ဦးစီးဌာနကဲ့သို့ တာဝန်ရှိသူများလာရောက်စစ်ဆေးစဉ် ကြည်သာစွာစစ်ဆေးခံပြီး ထိုပုဂ္ဂိုလ်များ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်စဉ်တိုင်းတွင် ရပ်ကွက်နှင့် ကျေးရွာလူထု၏ စုပေါင်းငြိမ်းသတ်နိုင်မှုက အရေးပါသကဲ့သို့ အဓိကတာဝန်လည်းဖြစ်ပြီး ကူညီကယ်ဆယ်ရေးကိုဆောင်ရွက်ပေးနေသော နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များ၏စွမ်းရည်မှာ များစွာအရေးကြီးသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရေးအတွက် အစဉ်အမြဲလေ့ကျင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ မီးသတ်အထောက်အကူပြု စက်ပစ္စည်းကိရိယာများနှင့် ခေတ်မီ မီးသတ်ယာဉ်များကိုလည်း ဖြည့်တင်းပေးလျက်ရှိသည်။ မီးလောင်မှုဖြစ်စဉ်တိုင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များကို အားကိုးအားထားပြုလျက် လိုအပ်သည့်အပိုင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ရန်လိုအပ်သည်။

မီးလောင်မှုဖြစ်စဉ် ကြီးကြီးမားမားကြုံတွေ့ရသောနေရာများမှာ သိုလှောင်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ တရားမဝင် စက်သုံးဆီသိုလှောင်ရာနေရာများပင်ဖြစ်သည်။ ထိုနေရာများတွင် မီးလောင်ပါက အတောမသတ်လောင်တတ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်မှသာ မီးဘေးအန္တရာယ်ကင်းဝေးမည်ဖြစ်သည်။ ထို့အတူ အသီးလည်းစား မီးလည်းတားဆိုသကဲ့သို့ မည်သည့်အိမ်ရာ၊ သိုလှောင်ရုံ၊ စက်ရုံ၊ အလုပ်ရုံတွင်မဆို သရက်ပင်စိုက်ပျိုးသင့်သည်။ သရက်ရွက်သည် မီးလောင်စဉ်ကာကွယ်ပေးတတ်သဖြင့် မီးမကူးအောင် တားဆီးပေးနိုင်စွမ်းရှိသည်။ ထိုသို့မဟုတ်ပါက အရပ်ဒေသအလိုက် အဖြစ်မြန်အပင်များစိုက်ပျိုးလျှင် ကြိုတင်ကာကွယ်ရာရောက်သည်။

လူနေရပ်ကွက်၊ လူနေအိမ်များတွင် မီးလောင်ရန်လောင်စာအများဆုံးနေရာမှာ မီးဖိုချောင်မဟုတ် အိပ်ခန်းအတွင်းသာဖြစ်သည်။ အိပ်ရာအသုံးအဆောင်ပစ္စည်းသာမက အဝတ်အစားနှင့် အခြားမီးလောင်လွယ်သောပစ္စည်းများ အိပ်ခန်းအတွင်းထားတတ်သဖြင့် ပို၍ ဂရုစိုက်သင့်သောနေရာဖြစ်သည်။ မိမိတို့၏နေအိမ်တွင် အရေးကြီးသည့်ပစ္စည်း၊ သာမန်ပစ္စည်းများဟူ၍ ခွဲခြားထားပြီး အလွယ်တကူရွှေ့ပြောင်းသယ်ယူရန် စီမံထားတတ်လျှင် ဆုံးရှုံးမှုသက်သာနိုင်သည်။

အလားတူစွာ မီးလောင်စဉ် မီးကို ဝိုင်းဝန်းကူညီငြိမ်းသတ်ရမည့်အစား မိမိတို့အိမ်နှင့်ပစ္စည်း မီးထဲမပါရေးကိုသာ အာရုံထားတတ်သဖြင့် မီးငြိမ်းသတ်မှုတွင် အားနည်းကာ ပို၍လောင်ကျွမ်းဆုံးရှုံးခံရမှုများလည်း ရှိသည့်အတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုသည်သာလျှင် မီးဘေးသက်သာရာရမည်ဖြစ်သည်။ အထူးလိုအပ်သည်မှာ ရေကန်များတွင် ရေအမြဲပြည့်အောင်ဖြည့်တင်းမှုသည် အကောင်းဆုံးကြိုတင်ကာကွယ်မှုဖြစ်သည်။ မီးလောင်မှုသည် အချိန်ရာသီမရွေးဖြစ်ပွားတတ်သော်လည်း ခြောက်သွေ့ရာသီတွင် မီးလောင်လွယ်သဖြင့် ထိုအချိန်တွင် ပို၍ဂရုစိုက်သင့်သည်။ ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များသည် မီးလောင်လွယ်သောမီးစာများဖြစ်သည်။ အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းရေးသာမက ပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်များကိုစည်းကမ်းတကျစွန့်ပစ်ခြင်းများမှာလည်း မီးဘေးကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ သစ်တောများသည် ခြောက်သွေ့ရာသီတွင် တောမီးလောင်တတ်သဖြင့် သစ်တောအတွင်း သို့မဟုတ် သစ်တောနှင့်နီးကပ်စွာတည်ရှိသောကျေးရွာများတွင် မီးတားလမ်းလုံလောက်စွာဖောက်ထားသင့်သည်။

လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် မီးသည်မရှိမဖြစ်လိုအပ်သည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ သတိမူသင့်လှသည်။ "သူခိုးခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင်အပြုတ်နံ"ဆိုသည့်အတိုင်း မီးလောင်လျှင်စည်းစိမ်ပြုတ်ဆုံးရှုံးခံရမည်ဖြစ်သဖြင့် မီးမလောင်မီက ကြိုတင်ကာကွယ်မှုပြုကြမှ မီးဘေးအန္တရာယ်က လွတ်ကင်းချမ်းသာရကြမည်ဖြစ်သည်။ အခြေအနေအရပ်ရပ်ကြောင့် မီးဘေးကြုံလာရသည်ရှိသော် မိမိတို့၏ကိုယ်စီအသိဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခြင်း၊ မီးသတ်ကားများ ဆောလျင်စွာဝင်ထွက်နိုင်ရေး လမ်းရှင်းလင်းပေးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များကို ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် မီးအမြန်ဆုံးငြိမ်းအောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အထူးသဖြင့် မီးဘေးမကျရောက်ရအောင် မီးဘေးကြိုတင်ကာကွယ်မှုအရပ်ရပ် ပြုလုပ်ထားကြရမည်ဖြစ်ရာ မိမိတို့၏အသက်အိုးအိမ်များကို မပျက်စီးစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မီးသတ်ပြုကြေညာစာစောင်များ**

# စစ်ကိုင်းနှင့် မင်းကွန်းဒေသသို့ ယခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၉၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့



**စစ်ကိုင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်းနှင့် မင်းကွန်းဒေသသို့ ယခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၉၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ဗဟိုအလုပ်အမှုဆောင် ဦးကျော်သူရက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းနှင့် မင်းကွန်းဒေသရှိ ဘုရားစေတီပုထိုးများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ခရီးသွားများ အဓိကလာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရီးသွားဒေသဖြစ်တဲ့ စစ်ကိုင်း၊ မင်းကွန်း စတဲ့ဒေသတွေကို ခရီးသွားဝင်ရောက်မှုကတော့ ဒီနှစ် ဇန်နဝါရီလအတွင်းမှာ ပြည်တွင်းခရီးသွားအယောက် ၂၈၈၀၀ ကျော်နဲ့ ပြည်ပခရီးသွားအယောက် ၂၀၀ ကျော်ဝင်ရောက်လည်ပတ်ခဲ့ပါတယ်။ အဓိက လည်ပတ်တဲ့နေရာဒေသတွေကတော့ စစ်ကိုင်းမှာဆိုရင် ကောင်းမှုတော်၊ ဥမင်သုံးဆယ်၊ ဆွမ်းဦးပုညရှင်နဲ့ မင်းကွန်းမှာတော့ ပုထိုးတော်ကြီး၊ မြသိန်းတန်စေတီတို့ဖြစ်ပါတယ်။ အရင်ကာလတွေကလို ဘုရားဖူးကားကြီးတွေနဲ့ ဘုရားဖူးအဖွဲ့တွေဝင်ရောက်တာမျိုးမရှိပေမဲ့ ဘုရားဖူးကားလတ်၊ ကားငယ်တွေနဲ့ ဘုရားဖူး ထွက်တာမျိုးတော့ရှိပါတယ်"ဟု ဦးကျော်သူရက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ အလုံးရေ ၆၀ ရှိကာ အခန်းပေါင်း ၂၀၄၀ ရှိကြောင်း၊ လက်ရှိကာလတွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၄၇ လုံးမှာ ကိုဗစ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အပန်းဖြေကြရာတွင် သန့်ရှင်းသပ်ရပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အတူ ဆောင်ရွက်လျက်ရှိပြီး ခရီးသွားများ ယုံကြည်စိတ်ချစွာတည်းခိုနေထိုင်ရေးတို့အတွက် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ချောက်မြို့နယ် ကြို့ပင်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကြောင်ယာတောကျေးရွာအုပ်စု ကြို့ပင်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်မင်းထွန်း၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကြို့ပင်စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်မင်းထွန်းက တင်ဒါအောင်မြင်သည့် Magway S3 ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့နိုင်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်စေရေး အလေးထားပိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ကြို့ပင်စုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၉၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို Magway S3 ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကြို့ပင်စုကျေးရွာရှိ အိမ်ခြေ ၁၄၀၊ လူ ၇၅၃ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်မင်းထွန်းက ပြောပြ၍ သိရသည်။ **နွဲ့ယဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၄၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၅ | ၂၃၃၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၂၉၀၀ |
| 95 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၂၉၅ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၄၅ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၆၀ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၉၅ | ၂၅၀၀ | ၂၅၀၀ | ၂၇၃၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၉ | ၂၁၆၄ |
| 95 Ron | ၂၁၄၉ | ၂၂၂၆ |
| HSD (500 ppm) | ၂၂၉၈ | ၂၃၇၄ |
| HSD (50 ppm) | ၂၃၇၂ | ၂၄၄၉ |
| HSD (10 ppm) | ၂၃၇၂ | ၂၄၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ







## မြင်ဦးလွင် မြေကွက်ကျယ် အမြန်ရောင်းမည်

* မြင်ဦးလွင်၊ အောင်ချမ်းသာ၊ရွာလယ်ဖဟိုချက်မ၊ ၅လမ်းနှင့် ၆လမ်းကြား၊ ရွာလယ်ဓမ္မာရုံတောင်ဖက်၊ မန္တလေး-လားရှိုးလမ်းမကြီးမှ ဆယ်စက္ကန့်မျှသာဝင်ရ၊ မျက်နှာစာ နှစ်ဖက်ပွင့်၊ သံပန်းသံတံခါးဖြင့် အဆင့်မြင့်အုတ်တံတိုင်းကာရံပြီး၊ ရေမီးအစုံ၊ ရွာမြေစစ်စစ်။
* ပေ(၁၀၀×၁၀၀) ပတ်လည်၊ အမြန်ရောင်းမည်။ ဦးရာလူရမည်။
* ဖုန်းနံပါတ် ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၁၅၁၅၇၆ သို့ ဆက်သွယ်လိုက်ပါ။

## အမည်ပြောင်း

ဦးဌေးဝင်း - ဒေါ်စန္ဒာဝင်း တို့၏သမီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်နေ မအေးစန္ဒာ အား ယနေ့မှစ၍ မပိုပိုသဲချစ် ဟု ပြောင်းလဲခေါ်ပါရန်။ **မပိုပိုသဲချစ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရီ

### အသက်(၉၈)နှစ်

သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် နာယက **ဦးအောင်ဖြူ** ၏ မိခင်ဖြစ်သူ **ဒေါ်ရီ** သည် (၃၀-၁-၂၀၂၃)ရက်တွင် မိုးကုတ်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက်ပိုမိုပါဝင်လာရန်လိုအပ်...

❖ အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူသဘောထားတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ဆက်လက်သက်တမ်းတိုးမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက သဘောထားပြန်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁**

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၆ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်များ ပြီးမြောက်ပြီဖြစ်ကြောင်း အစီရင်ခံတင်ပြရမည့်အခြေအနေမဟုတ်သေးသည့်အပြင် သာမန်မဟုတ်သည့် အခြေအနေဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့သို့ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက တစ်ကြိမ်လျှင် ခြောက်လထိ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဆက်လက် သက်တမ်းတိုးမြှင့်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိကို ယာယီသမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ သဘောထားတောင်းခံခဲ့ကြောင်း၊ ယင်းသို့သဘောထားတောင်းခံမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဆက်စပ်စကားရပ်များကို ထောက်ရှု၍ လက်ရှိဖြစ်ပေါ်နေသောအခြေအနေသည် သာမန်မဟုတ်သည့်အခြေအနေဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက တစ်ကြိမ်လျှင် ခြောက်လထိ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဆက်လက်သက်တမ်းတိုးမြှင့်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယာယီသမ္မတထံသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် သဘောထားပြန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ ဆက်လက်ဆောင်ရွက်



**တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ ဆက်လက်ဆောင်ရွက်စဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

ယနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုမှာ ဦးသီဟန်သိန်းနှင့် ၎င်း၏ အသည်းအလှူရှင်ဖြစ်သော ဦးသူရတို့ကို ခွဲစိတ်ကုသဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၂၇ ကော်လံ ၁☆**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ သွားလာ လှုပ်ရှားလျက်ရှိ

စာမျက်နှာ - ၂၆




